
စိတ်ကူးချိုချိုအနုပညာ

# အောက်မေ့ဖွယ်
# ဟာသဝတ္ထုများ
# (၄)



mgyoe.com



# အောက်မေ့ဖွယ် ဟာသဝတ္ထုများ (၄)

kls0093

2500.00 Ks

mgyoe.com

အောက်မေ့ဖွယ်ဟာသဝတ္ထုတိုများ(၉)၊
မျက်နှာဖုံး - ဗိုသံ၊ စာမျက်နှာ ၂၃၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# အောက်မေ့ဖွယ် ဟာသဝတ္ထုတိုများ (၉)

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ဗုဒ္ဓကန့်လန့်ကာ | မောင်စည်သူ | ၁ |
| ၂။ | တိုကျိုသူကို ရည်းစားစကားပြောနည်း | အောင်ဗလ | ၈ |
| ၃။ | ကယ်နိုင်လျှင် ကယ်ကြပါ | သာကဒိုး | ၁၅ |
| ၄။ | နားကြားတိုက်မှအသာ – | ဇင်အောင် | ၇၃ |
| ၅။ | ကျွန်တော်ကတော့ သတင်းထောက် | မောင်ကိုကိုလေး | ၈၁ |
| ၆။ | ကိုငှက်ရိုးနှင့် ကျူရှင် | အီကြာကွေး | ၈၉ |
| ၇။ | ဂျမ်းဘုံတစ်ယောက် ဘိုးဘိုးအောင်နဲ့ တွေ့သတဲ့ | အောင်မြင် | ၉၆ |
| ၈။ | အီကြာကွေး | ဇဝန | ၁၁၂ |
| ၉။ | ငပိန့်တရားတော်ကြီး | လုံးမောင်(ပုသိမ်) | ၁၃၈ |
| ၁၀။ | ပန်တျာရှင် | ကြပ်ကလေး | ၁၄၈ |
| ၁၁။ | ငမ်းသူနှင့်လှသူ | ကြူမွေး | ၁၆၄ |
| ၁၂။ | ဂုတ်မှာပြတယ်ဆရာရေ့ | စောဦး | ၂၀၉ |




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဗုဒ္ဓကန့်လန့်ကာ

မောင်စည်သူ

ဝန်မင်းဦးကျော်လုံးသည် နိုင်ငံရေး၏ ကွေ့တစ်ကွေ့တွင် လောကဓံတရားကို မလွန်ဆန်နိုင်သည့်အတွက် အရှုံးနှင့်ရင်ဆိုင်ခဲ့ဖူးလေသည်။ သူ၏ပါတီမှာ မမျှော်လင့်ဘဲနှင့် ပြိုကွဲသွားခဲ့လေသည်တွင် သူသည် ဝန်မင်းဘဝမှပင် ကမ်းနားသစ်ပင်ကဲ့သို့ လျှောကျရရှာသည်။ သို့သော် သူသည် နိုင်ငံရေးသမားပီပီ သံဝေဂရရမှန်း မသိဘဲ သူ၏ ပြန်လည်ကောင်းစားရေးအတွက် အကြံဉာဏ်ထုတ်ရင်း ဘုရားကို နာနာဲရှိခိုးလိုက်၊ သူနှင့် အတိုက်အခံအပြိုင်အဆိုင် လုပ်နေသည့် ခေါင်းဆောင်များ၏ ပျက်စီးရာပျက်စီးကြောင်း ရှာဖွေကြံစည်လိုက်ဖြင့် အလုပ်များ မအားမလပ်ဘဲ ရှိလေသည်။

အစမှာတော့ သူ့ဘက်က အတော်ရှုံးနေရှာလေသည်။ ယခင်သူအာဏာရစဉ်က သစ္စာခံလျက်ရှိသော နောက်လိုက်များသည် သူ၏ အတိုက်အခံများဘက်သို့ ပြောင်းသွားကြလေသည်။ အစက သူ့ဘက်မှရှိသော သတင်းစာများလည်း ယခုလေသံပြောင်းကုန်ကြလေသည်။ သူ၏ ရန်သူများသည်လည်း အတော်ခြေသွက်နေသဖြင့် ဦးကျော်လုံးမှာ လိုမ့်ခံနေရ လေသည်။ သူပိုင်သတင်းစာကလေးတစ်စောင်၊ နှစ်စောင်နှင့် အတော်ခုခံ နေရရှာလေသည်။ ဆဲနေရရှာလေသည်။ သူ့ရန်သူများ၏

mgyoe.com

mgyoe.com

အပြစ်အနာ အဆာများကို အချို့ဟုတ်သလောက်လည်းကောင်း၊ အချို့ကိုမူ လုပ်ကြံ၍လည်းကောင်း ဝါဒဖြန့်နေရလေသည်။ တစ်ခါတစ်ခါ သူက ဉာဏ်များ၍ ပရိယာယ် ကြွယ်သူပီပီ မသိမသာကလေး နှက်လေသည်။ တစ်ခါတစ်ခါ ခပ်ဆတ်ဆတ် ထုလေသည်။ တစ်ခါတစ်ခါ အတုံးလိုက် အတစ်လိုက် ကလော်တတ်သေးသည်။ သူ့အားလည်း၊ သူက ဆဲ, ကလော်, ထုသည့်နည်းတူ အခြားတစ်ဖက်ကလည်း ထု,ဆဲ,ကလော်လေသည်။

ထိုအခါ ဦးကျော်လုံးသည် သူ၏ ရန်သူများဘက်မှ ဆဲသမျှကို ခံနိုင်ရည်ရှိဖို့ အလိုအပ်ဆုံးဟု သိထားသည့်အတိုင်း သူခံနိုင်အောင် ကြိုးစားလေသည်။ ဆဲဖို့၊ ထုဖို့၊ ကလော်ဖို့သည် နိုင်ငံရေးတွင် အရေးကြီးသည့် အတိုင်း သူကဆဲသလို တစ်ဖက်က ဆဲလိမ့်မည်ကိုလည်း သူ သိထားသည်။ ထို့ကြောင့် သူသည် စောစောကပင် အကာအကွယ် ယူထားပြီး ဖြစ်လေသည်။

"ဟော့...ခင်...။ အစ်ကိုကြီး ဟိုနေ့က ပြောလိုက်တဲ့ မိန့်ခွန်းဟာ ဟိုခွေးသားတွေကို သိပ်ထိတာပဲတဲ့။ သခင်မျိုးအဲ့ဆိုတာ ဒေါပွလွန်းလို့ အစ်ကိုကြီးချည်း တစ်နေ့လုံး ထိုင်ဆဲနေတာပဲတဲ့။ ဒေါသဖြစ်လွန်းလို့ ထမင်းတောင်မစားနိုင်ဘူးတဲ့။ အိပ်လို့လည်းမရလို့ ဆရာဝန်တောင် ခေါ်ရတယ်ဆိုပဲ...။ ဟား...ဟား နိုင်ငံရေးဆိုတာ အဲဒီလို ကိုယ့်အပြိုင်တွေကို ကျန်းမာရေး စိတ်ဓာတ်တို့ကအစ ကျဆင်းအောင် လုပ်ပေးရတယ် သိလား...။"

ဤသို့တစ်ခါ သူသည် ဝမ်းသာသော လေသံကြီးဖြင့် သူ့ဇနီးခင် အား နိုင်ငံရေးအကြောင်း ပြောပြလေရာ-

"အစ်ကိုကြီးကိုလည်း သူတို့က တစ်ခါတုန်းက ဆဲဆိုတာပဲမဟုတ် လား...။ အဲဒီတုန်းကလည်း အစ်ကိုကြီးအတော်ဒေါပွပြီး အဲဒီလိုဖြစ်လိုက် သေးတယ်မဟုတ်လား...။"ဟု မေးသည့်အတွက်...

"အေး...ဟုတ်တယ်လေ ခင်။ ဒါပေတဲ့ အစ်ကိုကြီးက သူတို့လောက် ကြာရှည်အဖြစ်မခံဘူး။ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုကြီးက ဟိုဆရာတော် ကြီး ပေးထားတဲ့နည်းကို သုံးတတ်တာကိုး...။ အဲဒီအခါဆိုရင် ဘုရားခန်းထဲ တစ်ခါတည်းဝင်...၊ ဘုရားကိုနာနာရှိခိုးပြီးတော့...ထွက်သက် ဝင်သက်ကို သမာဓိဖြစ်အောင်လုပ်...၊ အဲဒါတွေ မေ့ကုန်ရင် ဘာမှမဖြစ်တော့ဘူး...။

mgyoe.com

အဲဒီနည်းကလေး သိထားတာ သိပ်ဟုတ်တာပဲ...။ ကိုယ်က ဆဲရင် သာ သူတို့ကို ထိမယ်...။ သူတို့က ဆဲရင် အဲဒါနဲ့ကာကွယ်လိုက်တော့ ကိုယ့်ကိုမထိဘူး...။ မထိမှ အကြံကောင်း ဉာဏ်ကောင်းထွက်မယ် မဟုတ်လား။ ဒါမှ နိုင်ငံရေးအကွက်တွေကို ခြေလှမ်းမမှားဘဲ ခေါင်းအေးအေးထားပြီး စဉ်းစားနိုင်မယ် ဟဲ...ဟဲ...ဟဲ...။"

သူသည် ဝမ်းသာသည့်လေသံကြီးဖြင့် ပြောရင်း ဘုရားခန်းဆီသို့ ဝင်သွားလေသည်။

ဟုတ်ပါသည်။ အရင်ကဆိုလျှင် ဦးကျောက်လုံးသည် သူ့အားဆဲသည့် အကြောင်း၊ ပုတ်ခတ်သည့်အကြောင်းပါသည့် သတင်းများကို မဖတ်ရဲပေ။ သူ၏အတွင်းရေးမှူး မိန်းကလေးအား ထိုသတင်းစာမျိုး သူရှေ့မရောက်ဖို့ သတိပေးထားလေသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ဒေါသကြီးသူ တစ်ယောက် ဖြစ်သောကြောင့် ဖြစ်လေသည်။ ခံနိုင်ရည်လည်း မရှိပေ။ ထို့ကြောင့် သူသည် သူ့အား ချီးကျူးသည့်သတင်း၊ အသားပေးသည့် သတင်းပါသော သတင်းစာများကိုသာ ဖတ်လေသည်။ သူ့အား ဝေဖန်ထားသည့် သတင်းမျိုး၊ ဆောင်းပါးမျိုး၊ ဝတ္ထုမျိုးဆိုလျှင် အလျဉ်းမဖတ်ပေ။ ယခုကဲ့သို့ တရားသိပြီးသည့်နောက်မှာတောင်မှပင် သူသည် သူ၏တစ်ဖက်ရန်သူများကိုသာ မခံချင်အောင် ဆွသည်။ ပုတ်ခတ်သည်။ သူအား ပုတ်ခတ်သည့်အကြောင်းများကိုတော့မူ မဖတ်မိအောင် အတော်သတိထားလေသည်။ သူ့အတွင်းရေးမှူးက မဖတ်မဖြစ်၍ ပြသည့်အခါများ၌ ဖတ်ရလျှင်လည်း သူသည် မထိခိုက်အောင် ဗုဒ္ဓတရားတော်ဖြင့် ခုခံနိုင်ရန် အမြဲအသင့်ပြင်ထားပြီး ဖြစ်လေသည်။

ဤနည်းဖြင့် ဦးကျောက်လုံးသည် သူ၏ နိုင်ငံရေးအတွက် ဘုရားကို အားထား ယုံကြည် ကိုးစားမိလေသည်။ ဗုဒ္ဓရှင်တော်မြတ်၏ တရားအကျိုးကိုလည်း ခံစားရလေသည်။ တကယ်ဆိုတော့ သူကား ခံစားတတ်သူလည်း ဖြစ်သည် မဟုတ်ပါလား။

ဗုဒ္ဓ၏တရားသည် လူကောင်း လူဆိုးမရွေး သောက်သုံးတတ်သူအဖို့ အေးမြသော အကျိုးကို ပေးသော သဘောရှိသည်ကို သူသိသည်။

× × ×

mgyoe.com

mgyoe.com


(၂)

"အစ်ကိုကြီး ကြည့်စမ်း...ကြည့်စမ်း...။ အစ်ကိုကြီးကို သူတို့ သတင်းစာထဲမှာ ခွေးနဲ့ ဥပမာထားပြီး ရုပ်ပြောင်ဆွဲထားတယ်။ စော်ကား လိုက်ကြတာ မခံနဲ့ အစ်ကိုကြီး။ အဲဒီသတင်းစာကို အရေးယူပါ"

ဦးကျောက်လုံး၏ ဇနီး ခင်သည် သတင်းစာတစ်စောင်ကိုကိုင်လျက် အိပ်ရာမှ နိုးခါစ အကြံညဏ် ယူနေသော ဦးကျောက်လုံးဆီသို့ အပြေးက လေးလာလေရာ ဦးကျောက်လုံးသည် ရုတ်တရက် လှမ်းယူကာ ကြည့်နေ လိုက်မိလေသည်။

ဦးကျောက်လုံးသည် ချက်ချင်းပင် ပါးကြောကြီးများ ထောင်လာလေ သည်။ မျက်လုံးများလည်း နီလာလေသည်။ နောက် သတင်းစာကိုလုံးချေ ပြီး ပစ်လိုက်လေပြီးနောက် သူ၏ဇနီးအား မျက်ထောင့်နီကြီးဖြင့် စိုက်၍ ကြည့်နေလေသည်။ သူ့ပါးစပ်မှ ဒေါသကြောင့် မည်သည့်စကားလုံးများမျှ ထွက်မလာ။

သူ၏ဇနီးခင်သည် ကြောက်ရွံ့လှသဖြင့် မျက်နှာသေကလေးဖြင့် ရပ် ကြည့်နေရှာလေသည်။ မကြာမီ ဦးကျောက်လုံး၏အတွင်းရေးမှူးမကလေး ပြေးလာပြီး...

"အစ်ကိုကြီး သတင်းစာ ကြည့်ပြီးပလား။ မြင့် အဲဒီ သတင်းစာက အဲဒီ ကာတွန်းကို ညပ်ပစ်မလို့၊ ခဏအပြင်ထွက်သွားတုန်း မမလာပြတာနဲ့ ပဲ မြင့်အမီပြေးလိုက်လာတာ...။"

သူမက ရှင်းပြလေသည်။ ထိုအခါ ဦးကျောက်လုံးသည် သူ့ဇနီး ဖက်သို့လှည့်၍...

"ခင်...မင်း တယ်မိုက်ပါလားကွာ...။ အဲဒါမျိုးဆို ငါ့ကိုမပြင်ပါစေနဲ့ လို့ ငါပြောထားတယ်မဟုတ်လား...။ မြင်တော့ ငါ့မှာ ဘာအကျိုးထူးမလဲ။ ဒေါပွတာပဲ အဖတ်တင်...။"

"ဒါတော့ အစ်ကိုကြီး ခံနိုင်ရည်ရှိရမယ်လေ"

"ဟော့ တော်စမ်းကွာခင်...။ ငါ ပုထုဇဉ်ကွ ပုထုဇဉ်။ ချက်ချင်းတော့ ဒေါသမဖြစ်ဘဲ မနေနိုင်ဘူး။ နောက်မပြပါနဲ့ကွာ– ငါတောင်းပန်ပါတယ်။ ကဲ...ငါစိတ်ပြေအောင် လုပ်လိုက်ဦးမှပဲ။ ဒီနေ့ည သတင်းစာ ကွန်ဖရင့်

mgyoe.com

mgyoe.com


မှာ ဟိုကောင်တွေကို အုပ်ဖို့ ညက ပုတီးစိပ်ပြီး ခေါင်းအေးအေးထားနေတုန်း မှာ မင်းလာနှောင့်ယှက်တာပဲ...တောက်...။"

"ဟုတ်တယ်မမ။ အစ်ကိုကြီးကို အဲဒီ သတင်းမျိုးတွေ မပြောပါနဲ့။ မြင့် အဲဒီ သတင်းမျိုး၊ ဓာတ်ပုံမျိုးတွေကို ဖြတ်ဖို့ တာဝန်ပေးထားတာ အစ်မ ကြီး သိသားနဲ့။"

"အို...ဒီလို စော်ကားတာကိုတော့။"

"တော်စမ်းကွာ–ခင် တော်စမ်း။မင်းကလည်း နားဝေးလိုက်တာ... ကဲ ဟော့မြင့်၊ ဒီနေ့မနက် ဘယ်သူလာလာ ငါဘုရားဆောင် ဝင်နေလို့ မတွေ့နိုင်ဘူးလို့ စောင့်ပြော သိလား။"

ထိုသို့ပြောပြီး ဝန်မင်းဦးကျောက်လုံးသည် သူ လေ့ကျင့်ထားသော ဝင်သက် ထွက်သက် တရားများဖြင့် သူ့ဒေါသများကို ပျော့ပျောင်းစေရန် ဘုရားခန်းထဲသို့ ဝင်သွားလေတော့သည်။

× × ×

(၃)

အတော်ကလေးညဥ့်နက်မှ ပြန်လာသော ဦးကျောက်လုံးအား ဝန်မင်း ကတော်ဟောင်း ခင်က မအိပ်သေးဘဲ စောင့်နေရာက ပြုံးရွှင်သောမျက်နှာဖြင့် ဆီးကြိုလေသည်။ ရွှင်ပျပုံ ရနေသော ခင်ပွန်းသည်ကို ကြည့်၍...

"ဘယ့်နှယ် အစ်ကိုကြီး...တရားပွဲ လူများရဲ့လား။"

"ဟာ...ထင်တာထက် ဆယ်ဆလောက်များတယ် ခင်ရေ့။"

"ဒါဖြင့် အစ်ကိုကြီးတို့ဘက်က သေချာပါတယ်ထင်ပါရဲ့။"

ပြုံးပြုံးကလေးပြောလေသည်။

"စိတ်ချပါ ကိုယ့်မယားကလေးရယ်။ မားဓိုးဒီးကြီးပြန်ရောက်လာမှာ သေချာနေပြီ။ စီးဖို့သာပြင် ဟဲ–ဟဲ။

သူသည် သူ့ဇနီးသည်ကလေး၏ ပါးပြင်ကို လိမ်ဆွဲရင်း ပြောလိုက် လေသည်တွင်...

"အို...ကြည့်စမ်း အစ်ကိုကြီး၊ အစ်ကိုကြီး လက်တွေက အေးနေလိုက် တာ ဟင်...နေမှကောင်းရဲ့လား။"

mgyoe.com

mgyoe.com


သူမသည် စိုးရိမ်သံကလေးနှင့်ပြောလေသည်။

"ဟုတ်လားခင်။ နေတော့ကောင်းပါတယ်။ ဒါပေမဲ့ စိတ်ကတော့ အတော်တုန်လှုပ်ခဲ့တာပေါ့ခင်ရယ်။ ဟိုကောင်တွေကို ဒေါသ–မောဟနဲ့ ဆဲခဲ့ရတာကိုး။ ဒီတစ်ခါတော်တော်ကြီးကို ဆဲပစ်ခဲ့တာပဲ။ လက်ခုပ်သံဆိုတာလည်း ဖြောင်းဖြောင်းပဲ။ ငနဲတွေကြားရရင်တော့ ဆယ်ရက်လောက် အိပ်မပျော်မှာ သေချာတယ်။ ဒီတစ်ခါတော့ ရွေးကောက်ပွဲလည်း နီးပြီမဟုတ်လား။ နောက်ကောက်ချလိုက်တာပဲ။ ဒီတော့ ကိုယ့်မှာလည်း နည်းနည်းတော့ ခြေဖျားလက်ဖျားလေး အေးသေးတာပေါ့။ ဆဲတယ်ဆိုတာ စိတ်အေးအေးထားပြီး ဆဲလို့ရတာမှမဟုတ်ဘဲ။ ဒါတောင် အစ်ကိုကြီးက တရားသိလို့ ဒေါသနည်းနိုင်သမျှ နည်းအောင်ထားပြီးဆဲရတာ။ ဒါမှသူ့မှာ အထိများသလောက် ကိုယ့်ကိုယ် မထိခိုက်ဘူးမဟုတ်လား။"

"ဒါတောင် အစ်ကိုကြီး ဒီတစ်ညတော့ စိတ်လှုပ်ရှားခဲ့တာနဲ့ အိပ်ပျော်မှာမဟုတ်ဘူး မဟုတ်လား။"

"ဟုတ်တယ်ခင်..။ အစ်ကိုကြီးခြေဖျား လက်ဖျားတွေတော့ အေးနေတုန်းပဲ။ ပြီးတော့ မျက်နှာလည်းပူနေသေးတယ်။ စမ်းကြည့်ပါလား။ အဲဒါဒေါသသတ္တိပေါ့။"

ခင်က သူ့နဖူးကို လက်ကလေးများဖြင့် စမ်းကြည့်ပြီး–

"ဟုတ်တယ်...အစ်ကိုကြီး။ ဒါဖြင့် ဒီညစောစောအိပ်လေ။ ကဲ... မအိပ်ခင် ဝိုင်ကလေးတစ်ခွက်လောက် ခင်ထည့်ပေးမယ်လေ...။ ပြီးတော့ ခင်လည်း အစ်ကိုကြီးကို အိပ်အောင်...ဟင်း...ဟင်း...။"

"အင်း...ကောင်းသားပဲ။"

ခင်သည် တစ်ဖက်ခန်းရှိ စမောလ်ဘားထဲမှ ဝိုင်တစ်ခွက်ကို ဝိုင်ကလပ်ကလေးဖြင့် ယူလာသည်။ ဦးကျောက်လုံးက သောက်လိုက်သည်။ အဆင်သင့်လုပ်ထားသော ကြက်ဥဟပ်ဘွိုင်ကလေးကိုလည်း စားလိုက်သည်။

ပြီးသောအခါ ခင်က သူ့အားတွဲပြီး အခန်းထဲသို့ ခေါ်သွားမည်အပြုတွင်...

"နေဦးခင်။ ဒါတွေနဲ့လည်း ဒီညအိပ်ပျော်မှာ မဟုတ်ဘူး။ အစ်ကိုကြီး

mgyoe.com

mgyoe.com


ကို ဆရာတော်ကြီး ပြထားတဲ့တရားကလေးကို နာရီဝက်လောက် သွားဝင်လိုက်ဦးမယ်။ ဒါမှ အိပ်ရမှာ သေချာမယ်။ ဟုတ်လား...ခင် နော်။"

ခင်က နှုတ်ခမ်းကလေးစူ၊ မျက်စောင်းကလေးချီချီဖြင့် သူ့အားကြည့်ပြီး သူ့လက်မောင်းကို ကိုင်ထားသည့် လက်ကလေးများကို လွှတ်လိုက်သည်။

ထိုအခါ ဦးကျော်လုံးသည် သမင်ချိုတွင် ချိတ်ဆွဲထားသည့် ပုတီးတစ်ကုံးကို ယူလိုက်ပြီးလျှင် ပိုးကန့်လန့်ကာကလေးကို မပြီး သူ၏ဒေါသများ ပျော့ပျောင်းစေရန် ဗုဒ္ဓအခန်းထဲသို့ ဝင်သွားလေသည်။

ဗုဒ္ဓကား လူကောင်း လူဆိုးမခွဲဘဲ သူ၏အေးချမ်းသောတရားကို ပေးရန် စောင့်နေမည်ဆိုသည်ကို ဝန်မင်း ဦးကျော်လုံးက ယုံကြည်ပြီးဖြစ်လေသည့်အတွက် ထိုညအဖို့မှာ ဇနီးသည်ကလေးနှင့် အိပ်ကောင်းဦးမည် ဖြစ်ပေသတည်း။

ငွေတာရီမဂ္ဂဇင်း ၁၉၆၀၊ စက်တင်ဘာလ။

❒

mgyoe.com

mgyoe.com

# တိုကျိုသူကို ရည်းစားစကားပြောနည်း

အောင်ဗလ

သတင်းစာ ဆရာကြီး ဦးပိန်ကြီးသည် သတင်းစာသမား ပေါက်စန အောင်ဗလ၏ ဆရာလည်း ဖြစ်နေသည်။ ဒကာလည်း ဖြစ်နေသည်။

တစ်ရံရောအခါတွင် အောင်ဗလတစ်ယောက်သည် ဂျပန်ပြည် တိုကျို မြို့တော်သို့ အကြောင်းတစ်ခုဖြင့် ရောက်ရှိသွားသည်။

ထိုကျိုမြို့တော် ဟနဒါလေဆိပ်သို့ရောက်လျှင် ရောက်ချင်း အောင်ဗလထက် အလျင်စော၍ ရောက်နှင့်သူ သတင်းစာဆရာကြီး ဦးပိန် ကြီးက လာ၍ ကြိုသည်။

ဂျပန်ပြည်သို့ အကြိမ်ကြိမ် ရောက်ဖူးသူ ဦးပိန်ကြီးသည် အောင်ဗလ အား ဟိုမှ သည်သို့ လိုက်၍ပို့သည်။ ပြသည်။ သင်သည်။ ကျွေးသည်။ မွေးသည်။ သို့ကြောင့် ဦးပိန်ကြီးသည် အောင်ဗလ၏ ဆရာလည်း ဖြစ်နေ သည်။ ဒကာလည်း ဖြစ်နေသည်။

အောင်ဗလကဲ့သို့ တိုင်းငယ် ပြည်ငယ်ကလေးမှ လာသူအဖို့ တိုကျို မြို့တော်သည် နတ်ဘုံနတ်နန်းကြီးပါပေ။

ရန်ကုန်မြို့သည် လူဦးရေ ရှစ်သိန်းကျော်ရှိသည်။ တိုကျိုမြို့မှာ လူဦး ရေ ရှစ်သန်းကျော်ရှိသည်။ ခြားနားမှုမှာ ဤမျှကွာသည်။

လွန်ခဲ့သော ၁၄ နှစ်ကဆိုလျှင် တိုကျိုမြို့ကြီးသည် ပြာပုံကြီးသာ

mgyoe.com

mgyoe.com

ဖြစ် သည်။ ၁၉၄၁ ခုနှစ် စစ်မဖြစ်မီက လူဦးရေ ခုနစ်သန်းရှိခဲ့ပြီး စစ်အတွင်းက လူဦးရေ လေးသန်းမှာ သေသူသေ ရွှေ့သူရွှေ့နှင့် လျော့သွားခဲ့၏။ စစ်ပြီးခေတ် လူဦးရေ သုံးသန်းနှင့် ထူထောင်လာရာမှ တိုကျိုမြို့ကြီးသည် ၁၄ နှစ်ကြာသောအခါတွင် နတ်ဘုံနတ်နန်းဖြစ်လာခဲ့သည်။

နတ်ဘုံနတ်နန်းဟု တင်စားခြင်းခံရသော တိုကျိုမြို့တော်၏ အဆောက်အအုံတို့စာရင်းတွင် ဘားဟုခေါ်သော အရက်နှင့် အဖျော်ယမကာရောင်းသောဆိုင်များ၊ မိန်းမလှတို့၏ ကပွဲရုံများနှင့် စားသောက်ဖွယ် ဆိုင်ကြီးများက ထိပ်တန်းက ပါသည်။ တိုကျိုမြို့တွင် ဘား ကပွဲနှင့် စားသောက်ဖွယ်ဆိုင်ပေါင်း ငါးသောင်းကျော် ရှိသည်။

ဆိုင်ဦးရေ များရုံမက အမျိုးအစားကလည်း များလှသည်။ တိုကျိုမြို့ မိန်းမလှကပွဲတို့၏ အကြီးဆုံးဖြစ်သော ပျားဘုရင်မ ကပွဲရုံကြီးတွင် ပွတ်သဘင်ကရန် အပျိုချောကလေး တစ်ရာကျော်နှင့် အပိုကပြသူ တစ်ရာကျော် ရှိသည်။ မပေါ့တပေါ်ဖော်၍ ကသူတစ်ယောက်တည်းရှိပြီး ပွတ်သဘင်တွဲကရန် အမျိုးသမီးတစ်ဦးတည်းသာရှိသော ကပွဲရုံကလေးများလည်း ရှိသည်။

တစ်ကြိမ်လျှင် ဝယ်သူ (ပျော်သူ၊ ယစ်သူ) ဖိုသတ္တဝါ သုံးဦးသာ တစ်ပြိုင်တည်းထိုင်သည့် ကုလားထိုင် သုံးလုံးသာရှိသော ဆာကေ အရက်ဆိုင်ကလေးများ ရှိသည်။ ရောင်းသူကတော့ ချောမောလှပသော အပျိုချောကလေးပင်။

အရက်ဆိုင်များ၊ စားသောက်ဖွယ်ဆိုင်များ၊ ကပွဲရုံကြီးများအပြင် ဘောင်းဘီတိုကို ဝတ်ပြီးပေါင်ဖြူဖြူနှင့် စားသောက်ဖွယ်များ ချပေးသော လက်ဖက်ရည်ဆိုင်တစ်မျိုးလည်း ရှိသေး၏။

ဖိုသတ္တဝါတို့အား ရေနွေးငွေ့နှင့် ရေချိုးပေးပြီး နင်းနှိပ် ကြိတ်နယ်ပေးသည့် အနှိပ်သည် ဖြူဖြူဖွေးဖွေးတို့၏ ဆိုင်များလည်း ရှိသည်။

ဒကာတော် သတင်းစာ ဆရာကြီး ဦးပိန်ကြီးသည် အောင်ဗလအား ဟိုဟိုဒီဒီ ခေါ်၍ လိုက်၍ ပြသသည်။ စုံသလောက်ရှိပြီ။

ဒါပေမဲ့ အောင်ဗလ မရောက်ရသေးသောနေရာ ကျန်နေသေးသည်။

"ဒါပေမဲ့ ခု ဂျပန်ပြည်က အရင်တစ်ခေါက် ငါရောက်တုန်းကလို

mgyoe.com


မဟုတ်တော့ဘူးကွ။ ဟိုကောင်မတွေ မရှိတော့ဘူး။"

"ဘာကောင်မတွေလဲဗျ။"

"မင်းက မသိချင်ယောင် ဆောင်မနေပါနဲ့။ တစ်ခါက နာမည်ကြီး ခဲ့တဲ့ ပြည်ကြီးပျော်ဖွယ်တွေ မရှိတော့ဘူးကွ။ ဂျပန်အစိုးရ တယ်တော် သကွာ။ ပြည့်တန်ဆာ ပပျောက်ရေးကို လုပ်တာ တကယ်အောင်မြင်သကွ။ ဟိုတုန်းကဆိုရင် ဒီတိုကျိုမြို့တော်မှာ ပေါလိုက်တဲ့ကောင်မတွေ...။ ခုများဖြင့် ဆေးအတွက် ဝါးအတွက် ရှာတာတောင် အတော်ရှာနိုင်မှရသကွ...။ ဟဲ...ဟဲ...။"

ဦးပိန်ကြီးက အောင်ဗလ မရောက်ရသော ...သူ လိုက်မပို့ရသော တစ်နေရာ အကြောင်းကို ပြောရင်းက ဂျပန်ပြည်သွား ကိုယောကျ်ားတို့၏ ပျော်နည်းကား တစ်ခုကို ပြောပြသည်။

"မင်း ဂျပန်မှာ ပျော်ပျော်နေချင်ရင် ရည်းစားထားရတယ်ကွ"

"ဗျာ...။"

"ရည်းစားထားရတယ်ကွ။"

"ဒီအသက်အရွယ်ကြီးတွေရောက်မှ ရည်းစားထားရသေးသလား...။ နောက်ပြီး ခင်ဗျားလည်း ကလေးအဖေ။ ကျုပ်လည်း ကလေးအဖေ။"

အသက် ၄၀ ကျော်စ ပြုပြီဖြစ်သူ ဦးပိန်ကြီးက အောင်ဗလ၏ မှတ်ချက်ကို မကျေမချမ်းဖြစ်သွားပြီး–

"အမယ်လေး–ကလေးတို့အဖေရဲ့ ခင်ပွန်းကြီးရဲ့–တည်မနေစမ်းပါနဲ့။ ခုလို ပျော်စရာတိုင်းပြည်ကိုရောက်တဲ့အခါ ပျော်ခြင်းသာလျှင် အမွန်မြတ်ဆုံးကွ။ ဒီတော့ ဟိုတေးထပ်လိုပေါ့ကွာ...။ 'ဣန္ဒြေဂုဏ်ပကာသန၊ မောင်ဘာမှထောက်ထားနိုင်တော့ပြီ...'ဆိုတာလိုပေါ့။ ကိုယ့်တိုင်းကိုယ့်ပြည်မှ မဟုတ်ဘဲ ဘယ်သူမှ မြင်တာမှ မဟုတ်ဘဲ ဟဲ ဟဲ။"

ထိုနောက် ဦးပိန်ကြီးသည် အောင်ဗလအား တိုကျိုသူလေးတစ်ယောက်လောက်နှင့် ရည်းစားထားရန် တိုက်တွန်းတော့သည်။

အောင်ဗလသည် ဦးပိန်ကြီးကို အားနာသဖြင့် သံဃာအား ဘုရားပင် မလွန်ဆန်ဟု ဆိုရိုးအတိုင်း စိတ်မပါတပါဖြင့်...

"ကဲဗျာ–ခင်ဗျားက ရည်းစားထားရမယ်ဆိုလို့ထားပါပြီတဲ့ဗျာ။

mgyoe.com

ကျုပ်က ရည်းစားစကား မပြောတတ်ဘူးဗျ။"

"ဘာတယ်ကွ...။"

"ရည်းစား စကားက ဘယ်က စပြောရမှာလဲ။ ချစ်ပါတယ်၊ ခင်ပါတယ်၊ သဒ္ဓါပါတယ်၊ ကြည်ဖြူပါတယ်၊ မြတ်နိုးပါတယ်...လို့ စီကာပတ်ကုံး ဂျပန်လိုလည်း မပြောတတ်။ အင်္ဂလိပ်လိုလည်း မပြောတတ်။"

"ဟ ဒီလိုပြောတာ မဟုတ်ဘူးကွ။ ငါ့မှာ နည်းကောင်းတစ်ခုရှိတယ်။ ငါ့အကြောင်း မင်းသိတဲ့အတိုင်း ကမ္ဘာတစ်ပတ်နှံ့ခဲ့ပြီ။ အမေရိကန်မှာရော၊ အင်္ဂလန်မှာရော၊ အို–ရုရှားမှာရော၊ ဒီနည်းနဲ့ စားလာတာ အံခွနေပြီကွ။"

"ဆိုပါဦး ခင်ဗျားနည်းက။"

"သူတို့ကို ရည်းစား စကားစပြောတဲ့အခါမှာ ချစ်တယ်လို့ မပြောရဘူး။ ကြိုက်တယ်လို့ပြောရတယ် ကြိုက်တဲ့အကြောင်းကလည်း ရုပ်ချောလို့ ကြိုက်တယ်ဆိုတာ မပေါ်စေနဲ့။"

"နို့–ဘာပြုလို့ကြိုက်တာလဲ။"

"ငါတော့ မင်းကို သိပ်ပြီး သဘောကျတာပဲ။ ဘာပြုလို့လဲဆိုတော့ မင်းက ဗမာပြည်မှာ ကျန်ရစ်တဲ့ ငါ့နှမလေးနဲ့တူလွန်းလို့ကွ။ မင်းလိုရုပ်၊ မင်းလိုကိုယ်လုံးကိုယ်ပေါက်ပဲ။ အင်း မင်းက မျက်ခုံးကလေး နည်းနည်း ထူလို့သာကွာ။ နို့မို့ရင် ငါ့နှမပဲ၊ ချွတ်စွပ်ထားသလို တူတာပဲ။ ဟဲ–ဟဲ အဲဒီလို ပြောရင် မင်းတေိမတွေ သိပ်ကျေနပ်ကြတာပဲ။ အဲဒီလို ပြောလို့ ရင်းနှီးပြီး ထမင်းလေးဘာလေးကျွေးရာက ပိုပိုပြီး ရင်းနှီးအောင် လုပ်ရတယ်ကွ။"

သူ့နည်းကကောင်းတောင်းတောင်းပင်။ နည်းကလေးက စိတ်ဝင်စားဖွယ်ကောင်းသဖြင့် အောင်ဗလပင် လက်တည့်စမ်းချင်တင်တင် စိတ်ပေါ်လာသည်။

× × ×

ကံအားလျော်စွာပင် ဦးပိန်ကြီး၏ နည်းကိုသုံးရန် အခွင့်အလမ်း တစ်ခုပေါ်လာသည်။

အောင်ဗလနှင့် ဦးပိန်ကြီးတို့သည် တိုကျိုမြို့ မြို့လယ်မှ မြန်မာသံရုံးရှိရာ ရှင်နာဂါဝါ ရပ်ကွက်ဘူတာသို့ မီးရထားဖြင့် သွားရန် ဗဟိုဘူတာကြီးသို့

mgyoe.com

mgyoe.com

ဝင်သွားသောအခါ မျက်စိလည်လမ်းမှားနေကြတော့သည်။

တိုကျိုမြို့တော်ကား ရန်ကုန်မြို့ကြီး၏ဆယ်ဆမက ကျယ်ဝန်းသည်။ မြို့သူမြို့သားတို့ ကူးသန်းသွားလာရေးတွင် တက္ကစီကားများမှာ စရိတ်ကြီးသည်။ ဘတ်စ်ကား၊ ဓာတ်ရထားနှင့် မြေအောက်ရထားမှာလည်း နေရာတကာမရောက်။ မီးရထားသည် တစ်မြို့လုံးနေရာအနှံ့အပြားရောက်သည်။ ထို့ကြောင့် မီးရထားကို လူသုံးများရာ ဘူတာတို့၌ စည်ကားလှသည်။ မီးရထားလမ်းတို့ကလည်း များပြားလှသည်။

အောင်ဗလနှင့် ဦးပိန်ကြီးတို့သည် သောင်ပြင်လွှတ်သော နတ်သားများသဖွယ် တိုကျိုမြို့ ဘူတာကြီး၌ မသွားတတ်၊ မလာတတ် ဖြစ်နေသည်။

ထိုစဉ်တွင် ကောင်မလေးတစ်ယောက်ကို တွေ့သည်။

ရုပ်ချောသည်။ အရပ်မြင့်သည်။ ဝတ်စားဆင်ယင်ပုံမှာလည်း ကြော့ရှင်းသည်။ ဟန်ပန်မူရာ သွက်လက်သည်။

သူကလေးက အောင်ဗလတို့ကို ပြုံးကြည့်သည်။ အောင်ဗလက ပြန်ပြုံးသည်။ မိတ်ဆက်ကြသည့် အပြုံးပါပေ။

သူကလေးက ထပ်၍ ပြုံးပြပြန်သည်။ ဖိတ်ခေါ်သောအပြုံးပါပေ။

အောင်ဗလသည် ဖိတ်ခေါ်ချက်ကို လက်ခံသောအပြုံးဖြင့် သူကလေးအား ချဉ်းကပ်၏။

"တစ်ဆိတ်ခင်ဗျာ– အင်္ဂလိပ်စကားပြောပါလားဗျာ...။

"ဟုတ်ကဲ့– ကျွန်မ အင်္ဂလိပ်စကားပြောတတ်ပါတယ်။ ဘာအကူအညီပေးရမလဲ။"

"ကျွန်တော်တို့...ရှင်နာဂါဝါ ဘူတာရုံကို သွားချင်လို့ မီးရထားမစီးတတ်လို့ပါ။"

"ဩော်...ဒီလိုလား။ ကျွန်မလည်း ရှင်နာဂါဝါ ဘူတာကို သွားမှာပဲ။ လိုက်ခဲ့ကြပါ၊ လိုက်ခဲ့ကြပါ။"

သူကလေးက အောင်ဗလတို့ကို လက်မှတ်ဝယ်ပေးသည်။ ပလက်ဖောင်းနံပါတ် ရှာပေးသည်။ ရထားတွဲပေါ် ခေါ်တင်ပေးသည်။ နေရာရှာပေးသည်။ ပို့မယ့်ပို့ ကူးတို့ရောက်ရုံမက အောင်ဗလတို့ သွားလိုသော မြန်မာသံရုံးအရောက် ပို့ပေးသည်။

mgyoe.com

"မင့်နှယ်ကွယ် ငါ့နှမ အထွေးကလေးနဲ့ တူလိုက်တာ။" ဟု မပြောရသေးမီပင် အတော်ရင်းနှီးနေပြီ။ ယနေ့ ညနေညစာဖြင့် ပြုစုပါရစေဆိုသည်ကို သူကလေးက ကျေးဇူးတင်သောအပြုံးနှင့် လက်ခံလိုက်သည်။ ယနေ့ ညနေတွင် ချိန်းဆိုသော နေရာသို့ သူလာဦးမည်။

သူ့အမည်ကတော့ 'မိနီကို'တဲ့။

× × ×

"ဘယ့်နှယ်လဲဗျ၊ မိနီကိုအပေါ် ခင်ဗျား ဘယ်လိုသဘောရသလဲ။"

"ကောင်မကလေးက တို့ကို၊ အေးလေ…မင်းကို သဘောရိုးနဲ့ ခင်တာနဲ့တူပါရဲ့။"

"ဆန်းဆန်းနဲ့ခင်တာမဟုတ်ဘူးလား။"

"အဲဒီရိုးရိုးနဲ့ ဆန်းဆန်းကို ပြောတာ မဟုတ်ဘူး။ ဂျပန်မှာ ဂျပန်မကလေးတစ်ယောက် နိုင်ငံခြားသားကို ခင်တယ် ချစ်တယ် ဆိုတာ နှစ်မျိုးရှိတယ်ကွ။ တစ်မျိုးက သဘောရိုးနဲ့ချစ်ခင်တာ။ နောက်တစ်မျိုးက နိုင်ငံခြားသားမို့ ထမင်းတစ်နပ်၊ နှုတ်ခမ်းဆိုးဆေးတစ်တောင့်ကစပြီး ချူရမြှူရအောင် ခပ်ဆန်းဆန်း ဟန်ဆောင်ပြီး ခင်တာရှိတယ်ကွ။ တချို့ကောင်မတွေက မင်းတို့ငါတို့ကို ကျချင်ယောင်ဆောင်ပြီး ကျွေးသမျှစား ပေးသမျှယူတတ်တယ်ကွ။"

"မိနီကိုတော့ ကျွန်တော်တို့ကို မြှူမယ့်ဟာ မဟုတ်နိုင်ပါဘူး။"

"ငါလည်းမထင်ပါဘူး။"

× × ×

ထိုနေ့ညနေ ထမင်းစားပွဲကား မြိုင်ဆိုင်လှတော့သည်။

မိနီကိုအပြင် အပိုအဖော်ကောင်မကလေးတစ်ယောက်လည်း ပါလာသေးသည်။

အကောင်းစား ဟိုတယ်တွင် အကောင်းဆုံး အစာများကို ကျွေးလိုက်ရာ အောင်ဗလ၏ပိုက်ဆံအိတ်ကလေးပင် အတော်ပိန်သွားသည်။

ထမင်းစားစဉ်တွင် ပြောလိုက်ကြသည့်စကားတို့မှာ စုံလို့။ ဦးပိန်ကြီးတစ်ယောက်သည်လည်း မိနီကို၏အဖော်မကလေးနှင့် ပြုံးပြုံး–ပြုံးပြုံးနှင့်။

"မင်းကိုလေ…ငါ့နှမအထွေးဆုံးကလေးနဲ့တူလွန်းလို့ မြင်မြင်ချင်း

mgyoe.com

mgyoe.com


ခင်လိုက်တာကွယ်။"

အောင်ဗလသည် သူအရကျက်ထားသည့် စကားလုံးကလေးများကို မည်သည့်အချိန်တွင် ပြောရပါမည်နည်းဟု အကွက်ကောင်းကို ရှာနေသည် အကွက်ကား မဝင်သေး။

စားပွဲကြီးကား ပြီးသွားလေပြီ။

အောင်ဗလတို့ နှုတ်ခမ်းပါးနားသုတ်အပြီး မိနီကိုတို့ နှုတ်ခမ်းနီ ပါးနီ ပြန်၍ ဖို့အပြီးတွင် မိနီကိုက တစ်စုံတစ်ခုကို ပူဆာလိုက်သည်။

ဦးပိန်ကြီးသည် လျှပ်စစ်ကျဉ်စက်မိသည့်အလား တုန်လှုပ်သွားပြီး

"ပြေးကြစို့ဟေ့...ကမြင်းမကလေးတွေ တို့ကို ညာစားနေတာကွ။ မြှူမယ့်ကောင်မတွေက...။"ဟု မြန်မာဘာသာဖြင့် အော်လိုက်သေးသည်။

မိနီကို ပြောပုံကတော့...

"ကိုယ်ရယ်...ဟိုဘက်နားကဆိုင်မှာ လက်ပွေ့အိတ် လှလှကလေး ဝယ်ပေးပါလားကွယ်...။ မိနီကို ပိုက်ဆံမတတ်နိုင်လို့ မဝယ်ဘဲထားရတာ ရှိတယ်။ သိပ်ပြီး လိုချင်တာပဲ။ တွေ့တွေ့ချင်းတောင်းတယ်မအောက်မေ့နဲ့။ ကိုယ်ဟာလေ ကျွန်မရဲ့ အစ်ကိုအကြီးဆုံးနဲ့ရုပ်ချင်း တူလွန်းလို့ မြင်မြင်ချင်း ခင်တာနဲ့ ဆွေမျိုးလို သဘောထားပြီး ပူဆာတာပါ...။"တဲ့။

ငွေတာရီမဂ္ဂဇင်း၊ ၁၉၆၀၊ စက်တင်ဘာလ။

❐

mgyoe.com

mgyoe.com

# ကယ်နိုင်လျှင် ကယ်ကြပါ

သာကဒိုး

ကျွန်တော့် ဒုက္ခပြဿနာကြီးအတွက် အကြံပေးကူညီနိုင်သော ပုဂ္ဂိုလ်ကို 'ဆုငွေတစ်ထောင်'သို့မဟုတ် အဖျင်းဆုံး'ဆုငွေငါးရာ'ဖြစ်ဖြစ်၊ ဥဏ်ပူဇော်ရန် ကျွန်တော် ရည်ရွယ်ထားပါသည်။ ဒါကြောင့် ပြည်ထောင်စု နိုင်ငံတော် သူ နိုင်ငံတော်သား အပေါင်းတို့အား ဤ'ကယ်နိုင်လျှင် ကယ်ကြပါ'ဝတ္ထုဖြင့် ကျွန်တော့်ကို ကယ်နိုင်လျှင် ကယ်ကြပါဟု ခြေရာလက်ရာ စုံအဖြာနှစ်ဆယ် လက်အုပ်မိုးတဲ့ပြီး ရှိခိုးလို့ တောင်းပန်ချင်ပါသည်။

"ဆုငွေတစ်ထောင် ဥဏ်ပူဇော်ရလောက်အောင်…မင်းပြဿနာက ဘယ်လောက်များ ကြီးကျယ်လို့လဲ…"ဟု စာရှုသူတို့ စိတ်ထဲမေးချင်ကောင်း မေးချင်ကြပါလိမ့်မည်။ ဒါကို အမ,ရို့–အစ်ကိုရို့ အရေလည်၍ အပတ်စေ့တော့ သိကြပါလိမ့်မယ်ဟု ကျွန်တော် တိုတိုပဲ ဖြေချင်ပါသည်။ သာကဒိုးသည် အများပြည်သူ လူထုအား တတ်စွမ်းသမျှ ဟာသဝတ္ထုများ ရေးသား၍ ဖျော်ဖြေနေရာ "ဒီကောင် တော်တော် ပျော်တတ်တဲ့ကောင်နဲ့ တူရဲ့…"ဟု အများလူထုက ထင်ကောင်း ထင်ပါလိမ့်မည်။ ဒါကို သာကဒိုးက "အရပ်ကတို့ရေ…ထင်သာထင် မဝင်ဘူး ကျောင်းအစ်မ… ဖြစ်နေပါတယ်ခင်ဗျ…" ဟုပဲ ဟစ်လို့သာ ဖြေချင်ပါတော့သည်။ ဒါနဲ့ စကားမစပ် ကြားဖြတ်၍ ဒီ

mgyoe.com

mgyoe.com

ထင်သာထင် မဝင်ဘူး ကျောင်းအစ်မဆိုတဲ့ မြန်မာစကားပုံဟာ ဘယ်လိုက ဘယ်လို ပေါ်လာတာလဲ ခင်ဗျာ၊ ကြားရ–ကြားရ နားဝမှာ တယ်ခွကျတဲ့ စကားပုံပဲ။ ဒီစကားပုံကို ပါလီမန်ထဲ ဘယ်ထဲမှာတောင် အရေးတယူ သုံးစွဲ ပြောဆိုနေကြလို့သာ သာကဒိုး သုံးလိုက်ရတယ်...တွေးမိတိုင်း ကြက်သီး ထစရာကြီးဗျနော်..."

အမျိုးသားနဲ့ အမျိုးသမီး မျက်နှာချင်း ဆိုင်ပြီး ဒီစကားသုံးရာမှာ အားနာစရာကြီး။ သို့သော် ထားပါတော့...သာကဒိုးမှာတော့ ထင်သာထင် မဝင်ဘူး ကျောင်းအစ်မပဲ ဖြစ်နေလေပါသည်။ သာကဒိုးသည် ဝါသနာ ဘာဂီ ဆက်တိုင်းမီဆိုတာလို ဝမ်းတွင်းပါပြောင်ချော်ချော် ဝါသနာရင်း ကလေးက ရှိသမို့ နောက်တီးနောက်တောက်ဝတ္ထုကလေးတွေ ရေးသားနေ ခဲ့ပါသည်။ ဒီလိုရေးပြီး ပျော်ချင်တဲ့ စိတ်ကို ပျော်အောင်ကြိုး စားပါသည်။ သို့သော် –သို့သော် ကျွန်တော်ကားမပျော်ခဲ့ပါ။ မပျော်သမှ ဒီလို ပျော်အောင် စာတွေ ရေးတိုင်း ရေးတိုင်း စိတ်ညစ်ရတဲ့ ဒုက္ခကိုပင် တိုးဆင့်လို့ ခံစားနေရ လေပါသည်။ သို့ကလို ပျော်အောင်ကြိုးစားလေ စိတ်ညစ်ရလေ ဖြစ်နေတဲ့ ဒုက္ခကို ကျွန်တော် ဖွင့်ထုတ်ပြီး လူထုအကူအညီတောင်းရန် ကြံခဲ့သည်မှာ ကြာလှလေပြီ။ ဒါပေသိ ထင်တိုင်းမပေါက်ခဲ့သမို့ ခုမှပဲ ဤဝတ္ထုဖြင့် လူထုကို အကူအညီတောင်းလို့ အကြောင်း တင်ပြ ဖြစ်ပေတော့သည်။ ဒါကြောင့် ကူနိုင်လျှင် ကူကြပါ။ ကယ်နိုင်လျှင် ကယ်ကြပါ။ အမယ်မင်း...တောင်းပန် လိုက်ရတာ ငါ့နှယ်'ကယ်ပါ'သံတောင် ပေါက်နေပါပကော... ။

ကျွန်တော့် ဒုက္ခပြဿနာကို ဖြေရှင်းနိုင်ရန် စာရှုပရိသတ်ထံမှ ထိုက် သင့်သော အကြံကောင်းဉာဏ်ကောင်းများ ရရှိနိုင်လိမ့်မည်ဟု ကျွန်တော် မျှော်လင့်ယုံကြည်ထားပါသည်။ ကျွန်တော့်မှာ ဒီဒုက္ခကြီး၏ ဒဏ်ချက် ကြောင့် လူလားမြောက်သည်နှင့်တစ်ပြိုင်နက် ဟက်ခနဲ အသည်းတစ်ခြမ်း ပဲ့ထွက်သွားခဲ့ရပါသည်။ ဒါကို ကျွန်တော့်မှာ တွေးမိတိုင်း မျက်ရည်လည်မိ ပါသည်။ ထိုဒုက္ခ ဒဏ်ချက်သည် ဤသို့ အသည်းတစ်ခြမ်း ပဲ့ထွက်အောင် ပြုဟက်မွေ့ရုံဖြင့် အားမရသေးဘဲ ယခုလည်း သာကဒိုး၏ရှေ့ရေး သာကဒိုး၏ လုပ်ငန်း၊ သာကဒိုး၏ဝါသနာတွေကိုပါ ဆင့်ကာ ဆင့်ကာ ဆက်၍ အနှောင့် အယှက်ဖြစ်နေရာ ဒီပြဿနာ–ဒီဒုက္ခကို ကျေလည်အောင် မဖြေရှင်းနိုင်ပါက

mgyoe.com

mgyoe.com
သာကဒိုးမှာ သေဖွယ်သာရှိနေပါတော့သည်။ ဒါကြောင့်–ဒါကြောင့် အများလူထု စာရှုပရိသတ်က သတ္တဝါတစ်ခု ကံ တစ်ခု ဆိုတာ လျစ်လျူရှုတော်မမူကြဘဲ ဒုက္ခသည် သာကဒိုးအား ဇီဝိတဒါန သဘောပဲထားကာ ဝိုင်းသနားကြပါရန် မေတ္တာရပ်ခံလိုပါသည်။ သို့သော် ငါတို့စာဖတ်ပရိသတ်ကို ဦးနှောက်ခြောက်အောင် ပေါကြောင်ကြောင် စာတွေရေးတဲ့အကောင် ဘိုင်းခနဲလဲသေတောင် ရှောက်ဂရုမစိုက်ပေါင်ဆိုလည်း သာကဒိုးကုသိုလ်ကံပေပ။

ဘာပဲဖြစ်ဖြစ် သာကဒိုး၏ အားထားရာ မှီခိုရာ လဲလျောင်းရာမှာ စာရှု ပရိသတ်သာ ဖြစ်သမို့ ရိုကျိုးစွာ တောင်းပန်နေရခြင်း ဖြစ်ပါသည်။ သာကဒိုးသည် တစ်ခါတစ်ခါ လူမသိအောင် တစ်ကိုယ်တည်း တိတ်တိတ်ကိုယ့်ကိုယ်ကိုယ် မှန်ထဲပြန်ကြည့်ရင်း၊ သြော်...တယ်သနားစရာ ကောင်းနေတဲ့ ငါပါကလား...ဟု စုတ်တသပ်သပ်နှင့် သနားနေမိပါသည်။ မှန်ထဲ၌ မခို့တရို့ကလေး ပေါ်နေသော သာကဒိုးသည် တော်တော်ချစ်စရာကောင်းပါသည်။ တီမျိုတာ ခံရစေရဲ့ အဟုတ်ပါ။ သို့သော် ထိုချစ်စရာကောင်းသော သာကဒိုးသည် အသည်းဟက်တက်ကွဲကာ တစ်ခြမ်းပဲ့နေခဲ့ပြီတကား...။ သာကဒိုး၏အသည်းကို မိလှသန်းသည် ရက်စက်စွာဖဲ့ထားခဲ့လေသည်။ ဒါတွေကို ပြန်တွေးမိတော့ ရင်ထဲမှာ တော်တော်နာသည်။ ဟာသကလောင်သမားအဖြစ်ခံယူထားသော်လည်း ကိုယ့်မှာ ကျိတ်ကျိတ်ပြီးငိုနေရတာကိုတော့ လူတွေက မသိ။ သင်းကလေးနဲ့ ဖြစ်ပျက်ခဲ့တာတွေတွေးလိုက်မိတိုင်း မျက်ရည်တွေ ပေါက်ခနဲ...တောက်ခနဲ...ကျကျပြီး၊ ငေါက်ခနဲ ငေါက်ခနဲ ဒေါထကာ အံကြိတ်၍ ကံကိုသာ မိုတ်ပြီး တရားခံအဖြစ်ပုံချနေရပေတော့သည်။ သို့ကလိုတားမရ၊ ဆီးမနိုင် မျက်ရည်တွေ သွန်ကျလာပြီလားဆိုရင် အပေါင်းအသင်းတွေက...

"ဟော့ကောင်...ဟော့ကောင်...ဘာဖြစ်တာလဲ...ပြီတ္တာတို့ မျက်ရည်မြေမကျ ကောင်းဘူးကွ...ကမ္ဘာပျက်တတ်သတဲ့...လူထုကိုသနားရင်...ဒီလိုမငိုပါနဲ့ကွာ..."ဟု တောက်တီး၊ တောက်တဲ့ အပြောအဆို ခံခဲ့ရသည်။ အချို့ကလည်း...

"ဘာဖြစ်လို့ ငိုရတာလဲကွာ...ပြောစရာရှိရင် ပြောပြပေါ့...။ ကူစရာ

 mgyoe.com


ရှိရင် ကူမှာပေါ့..."ဟု စေတနာနဲ့ မေးကြပါသည်။ ဒါပေသိ ကျွန်တော့်မှာတော့ ဖြေလို့မရ။ သူတို့ အမေးကို မဖြေနိုင်သည်မှာ ဖြစ်ရသည့်အကြောင်းရင်းတရားခံ ဖော်ရခက်လို့ပင် ဖြစ်ပါသည်။ ယခု စာဖတ်ပရိသတ်ကို ဖွင့်အံပြတော့မည်ဟု ကြံတော့လည်း ဖြစ်ရပုံအကြောင်းရင်း တရားခံကို ကျွန်တော် ဖော်ပြရန် ကျပ်လှပေသည်။ ထိုတရားခံသည် ကျွန်တော့်ဘဝ တစ်ခုလုံးကို မွှေနှောက်သွားခဲ့၏။ အရေလည်၍ အကွက်ကျတော့မှပဲ ထိုတရားခံကို ထုတ်ဖော်ပါရစေတော့။

စာဖတ်ပရိသတ်ကို တောင်းပန်ချင်တော့သည်။ ကျွန်တော် လှလှသန်းကို စ,တွေ့ပုံမှာ ဆန်းသည်ဟု ဆိုချင်လည်း ဆိုနိုင်လောက်ပါသည်။ အချိန်မှာ ၁၉၄၇ ခု ဇူလိုင်လ ဗိုလ်ချုပ်တို့ လုပ်ကြံခံရပြီးစ အခါသမယ ညတစ်ညဝယ်...

"ဟေ့ကောင်...ရပ်လိုက်...၊ ခွေးမသား...ဗိုလ်ချုပ်တို့ လုပ်ကြံတာ...မင်းပဲထင်တယ်...လာလိုက်ခဲ့...ဂတ်တဲကို အကြောင်ကြောင် မလုပ်နဲ့နော်...အုပ်ထည့်လိုက်လို့...ဂန့်ခနဲ နေသွားမယ်"

ကျွန်တော် ရန်ကုန်မြို့ တစ်နေရာ၌ သတင်းထောက်တာဝန်ကိုစွနှင့် စက်ဘီးစီးသွားစဉ် ရဲပတ္တာရောင်များနှင့်တွေ့ရာက ဤသို့လျှင် ရဲအဖွဲ့ဝင်တို့က တို့ဗမာပီပီ ချိုသာစွာ မိန့်ကြားပြီး မသင်္ကာဆိုကာ ရဲဌာနသို့ ခေါ်ဆောင်သွားခြင်း ခံရလေသည်။ ကျွန်တော် အိုးဝေက သတင်းထောက်ပါဆိုသော်လည်း မရဘဲ...

"မင်းလားကွ သတင်းထောက်...၊ သတင်းထောက်ဟာ မင်းရုပ်မျိုး မဟုတ်ဘူး..."

"ကျွန်တော်လည်း မျက်လုံးပြူးခနဲဖြစ်သွားမိပြီး

"ဗျာ...သတင်းထောက်က ဘာရုပ်ပေါက်ရမှာလဲဗျ...။ သတင်းထောက်တွေမှာ အမြီးပါလို့လား..."ဟု ကျွန်တော်လည်း မခံချင်စိတ်နှင့် ထအော်မိလေတော့သည်။

"အမြီးတော့ ဘယ်ပါမလဲကွ...၊ ဒါပေသိ...သတင်းထောက်တွေထဲ...မင်းလို သူခိုးဂိုက်မျိုး တစ်ယောက်မှ မတွေ့ဖူးဘူး.."

ကျွန်တော် ရဲငနဲ၏ စကားအတွက် ဒေါသထောင်းလမောင်း ထသွား

mgyoe.com

mgyoe.com


မိလေသည်။ သို့သော် ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်သောအခါမှ ရဲငနဲ ပြောမည်ဆိုလည်း ပြောစရာ ဖြစ်နေသည်ကို သတိပြုမိတော့၏။ ကျွန်တော်သည် ညသတင်း ယူရန်အထွက်တွင် ခါတိုင်းလို ရိုးရိုးမဝတ်ဘဲ ရုပ်ရှင်ထဲက ဖေယျုတို့၊ ရွှေဘတို့၊ သေကွတို့အားကျကာ ဇာတ်လိုက်စိတ်ပေါက်ပြီး ဘောင်းဘီရှည်နက်၊ အင်္ကျီနက်၊ ဦးထုပ်နက်တို့နှင့် နက်နိုင်သမျှ နက်ပြီး ဝတ်ဆင်လာခဲ့မိခြင်းဖြစ်ရာ စင်စစ် ဇာတ်လိုက်နှင့်ကားမတူ၊ အလစ်ကွမ်းယာဆိုင်ဖောက်မည့် မိုးနက်စတိုင် ဖြစ်နေချေသည်တကား...။ ဤတွင်မှ ကိုယ့်ဟာကိုယ် စိတ်ရှုးပေါက်ခြင်းအတွက် ဒေါသထွက်မိတော့၏။ သို့ရာတွင် မကြာမီ ထိုသို့ နက်နိုင်သမျှနက်၍ဝတ်ခဲ့သော မိုးနက် အဝတ်များကိုပင် ကျေးဇူးတင်ရသည့်အဖြစ် ရောက်ရလေတော့သည်။ ဘယ့်ကြောင့်ဆိုသော် ထိုအဝတ်နက်များကြောင့် အချုပ်ခန်းဝရောက်ကာ ကံဆိုးရသော်လည်း ကံကောင်းချင်တော့ ထိုအဝတ်နက်များကြောင့်ပင် ရဲအုပ်ကြီးသမီး လှလှသန်းလေးနှင့် ဖူးစာဆုံဖို့ ဖန်လာခြင်းအတွက် ဖြစ်လေသည်။ ထိုနေ့က လှလှသန်းနှင့်တွေ့အောင် ဖူးစာရေးနတ်က ကျွန်တော့်စိတ်ကို မိုးမှောင် အဝတ်များဝတ်ချင်အောင် တမင်စေ့ဆော်ခဲ့သည်ဟုပင် ကျွန်တော်ထင်မိ၏။ သို့သော် ထိုဖူးစာရေးနတ်ငနဲကပင် မလိုတစ်မျိုး လိုတစ်မျိုးနှင့် ဘယ်လို ဆက်၍ ကလီကမာတွေ လျှောက်လုပ်သည်ကို စာရှုသူတို့ ဆက်ရှုပါလျှင် သိမြင်ရမည်ဖြစ်ပါသည်။

ဤသို့လျှင် ကျွန်တော်နှင့် လှလှသန်းလေးတို့ တွေ့ကြုံပုံမှာ တရားခံနှင့် ပုလိပ်သမီးတို့ တွေ့နည်းကားနှင့် တွေ့ခဲ့ရခြင်းဖြစ်လေသည်။ ထိုညက အိုးဝေတိုက်မှ ထောက်ခံချက်အရ အချုပ်ခန်းဝမှ ထွက်ခွာလာနိုင်ခဲ့သော်လည်း ကျွန်တော် ဂုတ်တဲမှ မထွက်နိုင်အောင် လှလှသန်းက ဆွဲထားလေတော့သည်။ လှလှသန်း ကိုယ်တိုင် ကျွန်တော့် ဘောင်းဘီစကို ထဆွဲမထားသော်လည်း လှလှသန်း၏ ရူပါရုံတွေ ဘာရုံတွေဆိုတာက ဆွဲနေပြီတကား။ လှလှသန်းအား ကျွန်တော်သည် ယောကျ်ားကောင်းပီပီ မြင်မြင်ချင်း ကြိုက်မိရာက တတ်သမျှ ပညာဖြင့် အစွမ်းကုန် ဂေါ်စစ်ဖြန့်ပြီး ဂေါ်ထိုးစစ်ဆင်ရန် ဆုံးဖြတ်လိုက်ပါသည်။

သို့သော်...ဤလောက၌ သူ့သမီးယူရေးကိစ္စများသည် အတော်

mgyoe.com

mgyoe.com


မလွယ်ကူချေတကား။ သတင်းစာနယ်၊ စာပေနယ်တွင် သာကဒိုးသည် ဂေါ်ပရိယာယ်၊ ဂေါ်စစ်ဆင်၊ ဂေါ်စစ်တက်၊ ဂေါ်တိုက်ပွဲဆင်မှုတို့၌ ဂေါ်ဝိဇ္ဇာဘွဲ့ရလောက်အောင် ဂေါ်ရည် ဂေါ်ချင်း အတော်ဆုံးဟု ထင်ရှားခဲ့ပါသည်။ ဂေါ်ဝိဇ္ဇာဘွဲ့အတွက် ဘယ်သူကမှ အောင်လက်မှတ်သာ မပေးသေးတာ၊ ဂေါ်ရည်ကောင်းကြောင်းကိုမူ ဝိုင်း၍ အသိအမှတ်ပြုခြင်း ခံခဲ့ရပါသည်။ ဂေါ်ဝိဇ္ဇာအောင်လက်မှတ် လက်ခံမရှိလင့်ကစား..."ခုံဖိနပ်စာရယ် နားအုံစပ်မှာတွယ်..."ဟူသောစာများ "ရှင်ကြီး...ကျုပ်တို့ အိမ်ရှေ့လာပြီးတော့ ...ခွေးနာလောက် ကိုက်သံနဲ့ သီချင်းမဆိုပါနဲ့တော့...ပုလိပ်တိုင်ရလိမ့်မယ်..."ဆိုသောစာများ"ကိုယ့်အမေ...ကိုယ့်အစ်မနဲ့ ကိုယ်ချင်းမစာတတ်ဘူးလား..." စသော ဂေါ်သက်သေခံစာများ ယွန်းသေတ္တာကလေးနှင့် အပြည့်လက်ခံရရှိထားပြီး ဖြစ်ပါသည်။ ထိုမျှ ကျွန်တော်တော်၏။

ထိုသို့တော်သဖြင့်လည်း သာကဒိုးထက် ဂေါ်ရည်ညံ့သောအပေါင်းအသင်း သတင်းစာကြမ်းပိုး စာပေငနဲများအား ရှာလပတ်ရည်သည်ပိုးလျှင် ဆီးရွှင်လတ္တံ့၊ ကွမ်းယာသည်ကို ပိုးလျှင် သွားချေး ထူလတ္တံ့၊ ငါးရွှဲသမီးကို ပိုးလျှင် ငရဲကြီးလတ္တံ့၊ ပန်းသည်ပိုးလျှင် ကုသိုလ်ရလတ္တံ့၊ ဆရာမပိုးလျှင် ပညာတိုးလတ္တံ့ စသည်ဖြင့် တတ်သမျှပညာ မနေသာ ဆိုသလို ဂေါ်သင်ခန်းစာ ဂေါ်နိဿယများ ပေးခဲ့လေသည်။ ထိုဂေါ်နိဿယများကို ပညာပါရမီဖြန့်ဝေသောအားဖြင့် သတ္တဝါ ဂေါ် ဝေနေယျများကို စေတနာ ထားပြီး ဤမြဝတီမဂ္ဂဇင်း "ဗိုလ်ချီသလုံး" ဝတ္ထုတွင်အကျယ်တဝင့် ရေးသားခဲ့ပြီးဖြစ်ရာ ဤနေရာတွင် ကျမ်းလေးအံ့စိုး၍ အကျယ်မဖော်လိုတော့ပြီ။ သို့သော်...ထို ဗိုလ်ချီသလုံး ဝတ္ထုတွင်ပင် ပြည်ထောင်စုနိုင်ငံသား ဂေါ်သွေးသောက်အပေါင်းတို့အား သာကဒိုး မတတ်နိုင်၍ ဂေါ်အကူအညီပြုပြီး ဂေါ်အကြံပေးကြပါရန် မေတ္တာရပ်ခံခဲ့သည်ကို ဖတ်မိသူတို့ မှတ်မိကောင်း မှတ်မိမည် ထင်ပါသည်။ ၎င်းမှာ ပဲလှော်သည်ကို ပဲလှော်ဝယ်ရင်း ပိုးနိုင်သလို၊ အထည်သည်ကို အထည်ဝယ်ရင်း ပိုးနိုင်သလို၊ ဇာဘော်လီသည်ကို ဇာဘော်လီဝယ်ရင်း ပိုးဖို့ အတော်ခက်နေသည့် ဂေါ်ဝိနိစ္ဆယကိစ္စကြီးပင် ဖြစ်ပါသည်။ ထိုဂေါ် အခက်ကို သာကဒိုးသည် ယခုတိုင် မရှင်းနိုင်သေးပါ။ ဟုတ်တယ်ဗျ၊ သာကဒိုးသည် ယခုအခါ သိမ်ကြီးဈေး၌ ဇာဘော်လီသည်

mgyoe.com

mgyoe.com


မြာ အနိပ်ကလေးတစ်ယောက် တွေ့ထားသော်လည်း ဂေါ်နည်းလမ်းအကြံခက်ကာ ဂေါ်တိုးလို့တန်းလန်းနှင့် အဒေါ်အတွက်ဆိုပြီး ဇာဘော်လီဝယ်ရမှာလည်းအခက်။ နမအတွက် ဆိုပြီး ပြောဝယ်ရမှာလည်းအခက်။

သိမ်ကြီးဈေးတွင် ဇာဘော်လီသည် အနိပ်ကလေးတစ်ယောက် တွေ့ထားတယ်ဟု ဆိုသဖြင့် ဂေါ်ထုကြီး အုံကြွပြီး သိမ်ကြီးဈေးသို့ တရကြမ်းချီတက်ကြလျှင် ဒုက္ခတွေ့ကုန်ကြမည်ကို ကြိုတင်၍ တစ်ခုသတိပေးလိုပါသေးသည်။ မိတ်ဆွေ ဂေါ်လောကသားအပေါင်းတို့ ဇာဘော်လီဆိုင်များရှေ့ သွားလျှင် အန္တရာယ်ရှိတယ်ဆိုတာ တစ်ခုသတိထားသွားကြဗျ။ ရဲစွမ်းသတ္တိနဲ့ စိတ်တော်တော်ခိုင်မှ သွားကြဗျ။ သာကဒိုးတော့ သွားတိုင်း သွားတိုင်း ကြက်သီးတွေ တဖြန်းဖြန်းထလှတယ်။ ဘာကြောင့်လဲဆိုတော့ ခုခေတ်ဇာဘော်လီဆိုင်တွေဟာ ရိုးရိုးမရောင်းကြတော့ဘဲ ဖောင်းဖောင်းဖုဖု ဟိုဟာပုံစံတုမျိုးစုံကို သူ့ထက်ငါအပြိုင် စပယ်ရှယ်စပယ်ရှယ်တွေ ပြုလုပ်ရှိုးပြထားတော့ တော်တော် အသည်းယားစရာ ကောင်းလှသဗျာ။ ဒါကြောင့် အဆွေသတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကသားအပေါင်းတို့ ဇာဘော်လီဆိုင်များရှေ့သွားလျှင် အလွန်ဘေး အန္တရာယ်ကြီးလှသဖြင့် ဣတိပိသော နာနာရွတ်သွားဖို့ မမေ့ကြနဲ့ ဟရို့ရဲ့...။

သာကဒိုးသည် ဇာဘော်လီသည် ပိုးဖို့ ဘယ်လိုကြံဆ၍ နည်းလမ်းမရဖြစ်နေစဉ် လှလှသန်းအား တွေ့ရသောအခါ ပိုးရခက်သော မြာတစ်စားအဖြစ် သတ်မှတ်ရပြန်တော့သည်။ လှလှသန်းသည် ပုလိပ်သမီးမဟုတ်ပါလော။ ကျွန်ုပ်တို့'အသည်'တွေကို 'ဝယ်'စနစ်ဖြင့် ဂေါ်လျှင် ဇာဘော်လီသည် ကလွဲလျှင် မကပ်နိုင်စရာ မရှိဟု သတ်မှတ်ခဲ့ကြကုန်၏။ သို့သော် ပုလိပ်သမီးနှင့် နီးချင်သော် ဘယ်နည်းသုံး၍ ကပ်ရမည်နည်းဟု သာကဒိုးသည် အကြံခက်ရပြန်လေသည်။ ဟုတ်သည်၊ ဒါလည်းတော်တော်ဂေါ်ရကျပ်သည့် မြာတစ်စား ဖြစ်သည်ကို ကိုယ်တွေ့ကြုံမှ သင်ခန်းစာရပြန်တော့သည်။ ပုလိပ်သမီးနဲ့ နီးအောင်ဆိုတော့ သူတို့ပုလိပ်ဇာတ်ထဲပဲ ဝင်ပြီး ကပ်ရကောင်းမလား၊ ဒါမဟုတ် ကိုရွှေပုလိပ်သမီးနဲ့ အမြဲနီးစပ်သွားဖို့ ခဏခဏ ပုလိပ်ဖမ်းခံရအောင်ကြံပြီး တရားခံအဖြစ်နဲ့ပဲ ဂေါ်ပွဲဆင်ရကောင်းမလား။ ဒါလည်း နိပ်သေးပါဘူး...သူ့သမီးပိုးနေမှန်းသိရင် ရဲငတိက အချုပ်ခန်းထဲမှာ တရကြမ်း ဖိနှေ

mgyoe.com

mgyoe.com


လို့ ရှောက်ကျိုးနည်းနေဦးမယ်။

အေးလေ…ပုလိပ်သမီး ပိုးချင်ကြလျှင် သတိတမံဉာဏ်မြေကတုတ် ပညာစွမ်းကို ချွန်းအုပ်တဲ့။ ပြီးတော့ အခြေအနေကို ကြည့်ပိုးကြပေါ့လေ၊ သာကဒိုးကား ဤသို့အားဖြင့် မှတ်မှတ်ရရ ဗိုလ်ချုပ်တို့ လုပ်ကြံခံရသည့် နေ့ညက အချောင်ဂတ်တဲရောက်ရာက ဂတ်တန်းလျားမှ လှလှသန်းတည်း ဟူသော ရှုမငြီးသည့် ပုလိပ်သမီးကြိုက်ခဲ့မိလေပြီ။ သို့သော် ဖော်ပြခဲ့သည့် အတိုင်း ဂေါ်စစ်ဆင်ရန် အခက်ကြုံနေသည်တွင် မိုက်ဖော်မိုက်ဖက်တွင် သတင်းထောက်များဖြစ်သောဗမာ့ခေတ်မှ 'ကျောက်စားပွဲမြသွင်'၊ မြန်မာ့ အလင်းမှ 'ဂျိုမောင်စိန်'တို့အား မမလေး ပိုးဖို့ လူဆိုးများနဲ့ မောင်တိုင်ပင် ဆိုတာလို ငနဲများအား ဂေါ်အကြံဉာဏ် တောင်းရလေတော့သည်။ စာရှု သော ပုဂ္ဂိုလ်များသည် ဂျိုမောင်စိန်၊ ကျောက်စားပွဲမြသွင်ဟု ကျွန်တော် ဖော်ပြရာ၌ သူရို့နာမည် ရှေ့မှ ဘွဲ့ထူးကလေးများကို ဂရုပြုမိကောင်း ပြု မိမည်ထင်ပါသည်။ ထိုဘွဲ့ထူးများ အကြောင်းကို တချို့ကသိချင်ကောင်း သိချင်မည်ဖြစ်၍ ဒါကို နည်းနည်း ရှည်လိုက်ချင်ပါသေးသည်။ အစ်ကိုတို့ အစ်မတို့သည် အင်္ဂလိပ်တို့က ပေးတတ်သော "ကေအက်စ်အမ်'ဘွဲ့တို့၊ 'အေတီအမ်'ဘွဲ့တို့ ကြားဖူးကြမှာပေါ့။

နောက်ပြီး ဗမာပြည် လွတ်လပ်ရေးရမှ ပေါ်လာသော 'မဟာသရေ စည်သူ'တို့၊ 'သတိုးသီရိသုဓမ္မ'တို့၊'ဝဏ္ဏကျော်ထင်'တို့ဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူး တွေကိုတော့ ကြားဖူးကြမှာပဗျာ။ အဲသလိုပဲ ကျောက်စားပွဲ'တို့ 'ဂျိုဆိုတာတွေ လည်း ဘွဲ့ထူးဂုဏ်ထူးများ ဖြစ်ပါတယ်။ သို့သော် ဒီဘွဲ့ထူးများဟာ သတင်းစာလောကသား အချင်းချင်းသာ သိပြီး အချင်းချင်းသာ ပေးတဲ့ဘွဲ့ များဖြစ်ပါတယ်။ အပြင်လူများ ဒီဘွဲ့တွေကို လိုချင်လို့ လဲသေသေ မရနိုင် ပါ။ ငွေပေးလို့လည်း မရပါ။ သူတို့ကဲ့သို့ ဘွဲ့ရသူအများအပြားကိုလည်း နာမည်ကျော် သတင်းစာဆရာများ အသင်းတိုက်ကြီးမှာ တွေ့ရှိနိုင်ပါသေး တယ်။ မိတ်ဆွေတို့အားလပ်တဲ့အခါ တစ်ခါတစ်ခေါက် သတင်းစာအသင်း တိုက်ကို ဗဟုသုတအဖြစ် သွားရောက်စမ်းပါ။ ဒီလို ဘွဲ့ရ ပုဂ္ဂိုလ်ကြီးများ ဥပမာ မှုန်မပြေဘသန်းလေး၊ ဂျင်မခါနာမြရီ၊ ဥက္ကဋ္ဌစံလှထွန်း၊ တစ်ဝက် လှဒင်၊ ပျော့ပျော့ကလေးမောင်ကျော်စသည်ဖြင့် ဘွဲ့ထူးများ တပ်၍ ခေါ်သံ

mgyoe.com

mgyoe.com


များကို ကြားရမည်ဖြစ်ပါတယ်။ ထိုသို့သော နာမည်ရှေ့မှ ဘွဲ့ထူးများမှာ သရေစည်သူတို့၊ ဝဏ္ဏကျော်ထင်တို့ကဲ့သို့ ပုဂ္ဂိုလ်၏ ဂုဏ်ထူးအရ ချီးမြှင့်ရရှိတတ်သည် မှန်သော်လည်း၊ ခြားနားချက်တစ်ခုကား ရှိပါတယ်။ အဲဒါကတော့ သရေစည်သူတို့၊ ဝဏ္ဏကျော်ထင်တို့မှာ ကောင်းတဲ့အချက်ပေါ်မူတည်ပြီး ဘွဲ့ပေးခြင်းဖြစ်သော်လည်း ကျောက်စားပွဲတို့ ပျော့ပျော့ကလေးတို့ကတော့ မကောင်းတဲ့အချက်တွေအပေါ် မူတည်ပြီး ဘွဲ့ပေးခြင်း ဖြစ်ပါတယ်။

ဒီဘွဲ့ကလေးတွေရတဲ့ရာဇဝင်ကလည်း တော်တော် စိတ်ဝင်စားဖွယ်ကောင်းလွန်းလို့ အခွင့်သင့်တုန်း အများလူစု ဗဟုသုတဖြစ်အောင် သာကဒိုးက ဖော်ကောင်လုပ်ပြီး နည်းနည်း ရှည်ချင်သေးတယ်ဗျာ။ ဥက္ကဋ္ဌစံလှထွန်းဆိုတာ သတင်းစာအသင်း၊ သတင်းထောက်အသင်းတို့မှာ ဥက္ကဋ္ဌဖြစ်လို့ မဟုတ်ဘူးဗျ။ ငနဲကြီးက တစ်ခါမှ ဥက္ကဋ္ဌစော်မနံ့ရှာပါဘူး။ ဒါပေသိ တစ်နေ့တော့ အသင်းတိုက်ရှေ့မှာ ဦးစံလှထွန်းက စတိုင်ကြီးတစ်ခွဲသားနဲ့ လျှောက်လာတုန်း ဗြုန်းဆိုမိန်းမတစ်ယောက် ပေါက်လာပြီး "ရှင် ဘာကောင်လဲ... ရှင်ဟာ ဥက္ကဋ္ဌကြီးဆို...ဥက္ကဋ္ဌလုပ်နေပြီးတော့...ကျန်နေတဲ့ ငွေနှစ်ကျပ်ခွဲကို ခုထိလာမပေးဘူး...၊ အဲဒါပဲ...အူကြောင်ကြောင်တော့ မလုပ်နဲ့၊ နောက်မရဘူးသိလား..."ဟု ချိုမြသောအသံဖြင့် ကက်ကက်လန် ရန်တွေ့ရာက ဦးစံလှထွန်းသည် ဥက္ကဋ္ဌဘွဲ့ထူးကြီးကို ရရှိလေတော့သတည်း။

အမည်မသိ မိန်းမတစ်ဦးက ခန့်ထားခဲ့သော ဥက္ကဋ္ဌကြီးပဲဗျာ...။

အဲ ဂျင်မခါနာ–မြရီ ဆိုတာကတော့ ဂျင်မခါနာမိန်းမဆေးရုံကိစ္စရှိရင် (ဝါ)လိုတာရှိရင်(ဝါ–ဝါ)ဆရာမများပိုးချင်ရင်၊ သူက အပို့အင်မတန်ကောင်းပေလို့ ဒီဘွဲ့ထူးကြီးရဆိုပဲဗျ။ ဟံသာဝတီသတင်းထောက် မောင်လှဒင် 'တစ်ဝက်ခ'ဘွဲ့ရတာတော့ တယ်မပြောချင်ဘူးဗျာ။ စားပေါက်ပိတ်မှာ စိုးရတယ်။ သို့သော် ဖော်မိလက်စနှင့်တော့ ထူးတော့ပါဘူး။ ဒီလိုဗျ ဒီငနဲက ရန်ကုန်မြို့ လှိုင်ဂုက်စခန်းတစ်ခုမှာ တစ်ဝက်ခရဆိုကိုး...။ ဒီငနဲက ဒီလိုရတာကို သူတစ်ယောက်တည်း အုပ်မစားဘဲ သတ္တဝါဝေနေယျများ မေတ္တာထားပြီး သတင်းထောက် အသင်းဝင်များအားလုံးကိုလည်း တစ်ဝက်ခရအောင်လုပ်ပေးနိုင်လို့ ဒီလိုဘွဲ့ထူးဂုဏ်ထူးနဲ့ ချီးမြှင့်ထားခြင်းဖြစ်သတဲ့ဗျာ

mgyoe.com

mgyoe.com


နိပ်ဟ…။

အား…ပျော့ပျော့ကလေး မောင်ကျော်ဖြစ်ပေါ်လာပုံကတော့ ပြောရမှာ ကြက်သီးထစရာကြီးဗျာ…။ သူ့ဘွဲ့ရပုံက စွန့်စားခန်းကြီးနဲ့ယှဉ်နေလို့ပါပဲ။ သူ့အကြောင်း နားထောင်ရတာကိုက ရင်တဖိုဖို အင်မတန်ရှိလှတယ်။ ငနဲ ကလေးက သိပ်တော့ မခေလှဘူး။ တိုးတက်ရေးသတင်းစာတိုက်ရှင် ဦးစိန်ရဲ့ သား၊ တိုးတက်ရေးသတင်းထောက်ပဗျာ။ ဒီလိုဗျ…တစ်နေ့တော့ ငနဲကလေး ဟာ ဇောကြီး–မောကြီး–ရေးကြီး–သုတ်ပျာနဲ့ သတင်းစာ အသင်းတိုက်ပေါ် ပြေးတက်လာတာကိုး။ ဒီတော့ သတင်းထောက် ရဲဘော်တွေပဲ"ဟော့… မောင်ကျော် ဘာဖြစ်လာသလဲ…ဘာသတင်းရလာလို့လဲ…"လို့ ဝိုင်းမေးကြ တာပ။ ဒီလို မေးကြတော့ မျက်လုံးကြီး ပြူးပြီး ချွေးသံတရွှဲရွှဲ ဖြစ်နေတဲ့ သူ့မျက်နှာကြီးဟာ စပ်ဖြီးဖြီးကြီး ဖြစ်သွားပြီး…

"အဟီး…အဟီး…ပြောချင်ပါဘူးဗျာ…၊ အဟီး…အဟီး…"

"ဟ…ဘာလို့မပြောချင်ရတာလဲကွ…ဘာလဲ မင်းက သတင်းကောင်း မိလာလို့…တို့မပေးချင်ဘူးပေါ့လေ…။ မင်းတစ်ယောက်တည်း စကု(သတင်း ထူး) လုပ်မယ်ပေါ့လေ…"

သတင်းထောက်များက ဝိုင်းအာကြ၏။

"အာ…ဒီလိုမဟုတ်ပါဘူး…၊ သတင်းကိစ္စ မဟုတ်ပါဘူး…"

"နို့…ဘာလဲ…"

"ကျွန်…ကျွန်တော်…အပျိုလေး အသားကိုင်လာခဲ့ရတယ်ဗျ…"

"အေ..ဟုတ်လား…"

"ပြောပါဦးဟ…ဘယ်လို ကိုင်လာရတာတုံး"

"ဖွင့်ချပါဦးဟ……ဘယ်နေရာကိုကိုင်ခဲ့ရတာလဲကွ…"

သတင်းထောက်လောကကြီးသည် အုန်းအုန်းကျွက်ကျွက်သော သော ရုတ်ရုတ် ဖြစ်သွားလေတော့သည်။ သူတို့သည် ဒါမျိုး ဝါသနာ မပါကြရှာသဖြင့် ဝိုင်းလာပြီး အငမ်းမရ မေးကြလေတော့သည်။

"လုပ်ပါဟ…ဘယ်လို ကိုင်လာရတာလဲ…"

"ဘယ်လို အရသာ နေသလဲဟ…"

"အဟီး…အဟီး…တစ်မျိုးကြီးပဲဗျ…"

mgyoe.com

.mgyoe.com


မောင်ကျော်က ရက်ကိုးရက်ကန်းနှင့် ဖြေလေသည်။ သို့သော် ရဲဘော်သတင်းထောက်များက အဖြေကို မကျေနပ်ဘဲ ဝိုင်းအုံ တိုးဝှေ့ကာ...

"ဟကောင်ရ...ဘယ်လို တစ်မျိုးကြီးလဲကွ၊ ပြောစမ်းပါဦး..."

"အဟီး...သူ့အသားသွားကိုင်တော့လေ... ကိုင်လိုက်တော့လေ..."

"အေး...အေး..."

သတင်းထောက်များသည် ဤနေရာတွင် အားလုံး အသက်ရှူ ရပ်ကုန်ကာ အားလုံး ရင်တဖိုဖို...။

"အေး...အေး..."

ပျော့ပျော့ကလေး နေတယ်ဗျ..."

"အာ...လခွီးတဲ့မှပဲ..."

ထိုအဖြေကို အားလုံးကပင် မကျေနပ်ကြချေ။

ထို့ကြောင့်...

"မင်းဟာက ဟုတ်သေးပါဘူး...ဘယ်လိုနေလဲဆိုတာ ခေါင်းအေးအေးထားပြီး ပြန်စဉ်းစားစမ်းပါဦး..."

"နို့...ဘယ်သွားကိုင်လို့ ပျော့ပျော့ကလေး နေရတာလဲကွာ..."

"အာဗျာ...ဒါတော့ ပြောချင်ပါဘူးဗျာ... ရှက်စရာကြီးဗျာ..."ဒီလိုပြောလေ ငနဲတွေ ငမ်းလေ...၊

"ပြောပါကွာ..."

"လုပ်ပါကွာ...ငါတို့ကနေ့ရတဲ့ သတင်းအားလုံး မင်းကို ပေးပါ့မယ်..."

"အဟိ–ဒီလိုဗျ ဖြစ်ပုံက ကျွန်တော်တို့အိမ်နားမှာ ၁၄ နှစ်လောက် ကောင်မလေးရှိတယ်...ဒီနေ့တော့..."

"အဲ...အဲ..."

"ဒီနေ့တော့ ကောင်မလေးအောက်ဆင်းရင်း ပုရွက်ဆိတ် ကိုက်ပါရောဗျား..."

"ဘယ်နေရာကိုက်တာလဲဟ...ရှင်းပါဦးဟ..."

"ခြေထောက်ကိုဗျ...ဒီလိုကိုက်တော့...ခုန်ဆွ ခုန်ဆွဖြစ်နေတုန်း... ကျွန်တော်က သွားပြီး ပုရွက်ဆိတ်တွေ ပွတ်ချပေးတာကိုးဗျ..."

mgyoe.com

mgyoe.com


"ဒီတော့ ဘယ်ပျော့ပျော့ကလေးကိုင်မိတာလဲ..."

"ခြေဖမိုးကိုလေ..."

"ထွိ..."

ထိုနေ့မှစ၍ မောင်ကျော်သည် 'ပျော့ပျော့ကလေး'ဘွဲ့ထူးအပ်နှင်းချီး မြှင့်ခြင်းခံရလေတော့သတည်း။ ထို့အတူ စွန့်စားမှုနှင့်ယှဉ်၍ ဘွဲ့ရသူများ အများအပြားပင်ရှိပါသေးသည်။ စာမျက်နှာအားနာ၍ အကျယ်ဖော်ကောင် မလုပ်ချင်ပါပြီ။ မြန်မာ့အလင်း–မောင်စိန် 'ဂျိုမောင်စိန်'ဖြစ်ရခြင်းကား သူနှင့်တွဲ၍သွားလေရာရာတွင် တစ်ခုခုဖြစ်တတ်ပြီး ချောက်ကျ ချိုကျတတ်၍ ပင်ဖြစ်၏။ 'ကျောက်စားပွဲ' ဘွဲ့ထူး ဗမာ့ခေတ်မြသွင်ကို အပ်နှင်းခြင်း အကြောင်းမှာမူ၊ မိန်းမများကြားလျှင် လန့်စရာတော့ အတော်ကောင်းပါမည်။ သွေးနုနု သားနုနု အမျိုးသမီးများရှေ့ ဆက်မဖတ်ရန်ပင် မေတ္တာရပ်ခံချင် ပါသည်။ မြသွင်သည် ဘိုင်စကုတ်လွတ်ချိန်၊ ရုံးဆင်းချိန်များတွင် လမ်းမမှ နေ၍ တွေ့သမျှ မ,သတ္တဝါတို့အား အားရပါးရရှုတော်မူပြီး အောက်ပါ အတိုင်း မိန့်ကြားတတ်လေသည်။

"အဟင်း..ဟင်း...ဒါတွေကြောင့် ငါတော်တော်ခက်နေတယ်... တောက် (မိုးကြိုးသံတမျှ ပြင်းထန်လှသော တောက်ခေါက်သံကြီး)... ဒီလို လှတာလေးတွေကိုလေ...တောက်...ဘာလုပ်ချင်သလဲသိလား... ကျောက် စားပွဲပေါ်တင်ပြီးတော့...ဒေါးကနေ ကျားဟိန်းလှည့်ဟိန်းနေချင် တာပဲ... တောက်"

မြသွင် ကြိမ်းဝါးသံမှာ ဘီလူးကြီးအာဠာဝက ကြိမ်းဝါးသံထက်ပင် ကြောက်မက်ဖွယ်ကောင်းလှချေသည်တကား။ ထိုသို့ မိန်းမမြင်လျှင် ကျောက်စားပွဲပေါ်တင်၍ ကျားဟိန်း ဟိန်းနေချင်သော ကိုမြသွင်နှင့် ဂျို မောင်စိန်တို့ကို မိန်းမကိစ္စနှင့်ပတ်သက်လာလျှင် သာကဒိုးသည် တော်တော် ကြောက်၏။ သို့သော် ကိုယ်တိုင် ဂေါ်ဝိန္ဒာဘွဲ့ကြီး ခံထားသော်လည်း ပုလိပ် သမီးကျတော့ မကပ်နိုင်ဖြစ်ကာ လက်မှိုင်ချရမလို ရှိနေရာ ကျွမ်းကျင်ရာ လိမ္မာဆိုသလို ဟန်လိုဟန်ငြား ငနဲများထံပါး ကြိုးစားရခြင်း ဖြစ်လေသည်။ အထူးအားဖြင့် မြသွင်နှင့် ဂျိုစိန်တို့သည် သတင်းထောက်လောကတွင် ပုလိပ်နှင့်အပေါင်းအသင်းအများဆုံး၊ ပုလိပ်နှင့်အတည့်ဆုံး၊ ဝေစားမျှစား

mgyoe.com

mgyoe.com

အကျဆုံး၊ ငနဲများ ဖြစ်သောကြောင့်လည်း ယခု ကိစ္စကြီးတွင် သာကဒိုးက ဂေါ်အကြဲပေးအရာရှိ(ဝါ)ဂေါ်ဩဝါဒစရိယအဖြစ်ဖြင့် ငနဲများကို ယာယီတင်မြှောက်ရခြင်းဖြစ်သည်။ ဤကိစ္စတွင် မြသွင်က

"ကိုယ့်လူက တယ်ညံ့တာကိုး…လောကမှာ သတင်းထောက်ပိုးမရတဲ့ မိန်းမရယ်လို့ မရှိဘူးကွ…မှတ်ထား"

"ဟုတ်ပါတယ်ဆရာရယ်…ကြည့်လုပ်ပေးပါဆရာရယ်…"

"သတင်းထောက်ဆိုတာဟာ နေရာတကာကို သတင်းရအောင် သွားလာနေရတာ မဟုတ်လားကွ၊ နေရာတကာ သွားလာနေလို့လည်း နေရာတကာက မိန်းမတွေကို ပိုးနိုင်တာပေါ့။ ပိုးချိန်လည်း သူများထက် ပိုရတယ် မဟုတ်လား၊ မှတ်ထား သတင်းထောက်နဲ့ ပြိုင်ပိုးတဲ့ ငနဲဆိုရင် လိမ့်တာချည်းပဲ…"

"ဘာကြောင့်လဲ…ဆရာရဲ့…"

"အရှင်းသားပဲကွ၊ အပြိုင်ငနဲက အလုပ်ကုန်းလုပ်နေတုန်း ငါတို့က အချိန်ပိုယူပြီး သွားပိုးနိုင်တယ်မဟုတ်လားကွ၊ ငါတို့အလုပ်ကိုက လမ်းလျှောက်နေရတဲ့အလုပ်ဆိုတော့ အလုပ်လုပ်ရင်းလည်း…မိန်းမ လိုက်ပိုးနေနိုင်တာပဲ…တို့နဲ့ ဘယ်သူပြိုင်လို့ ရပါ့မလဲ…"

"ဒါနဲ့ ဆရာဂေါ်နေတဲ့…အေဂျီရုံးက ကောင်မလေးကိစ္စက ဘယ်လိုဖြစ်သွားတာလဲဆရာ…"

"အဲဒါတော့ ငါမပြောချင်ဘူးကွာ…သူက ငါတို့ထက် ပိုလည်သွားတယ်ကွာ…"

"ဘယ်လိုလဲ…ဆရာ…"

"တို့ သတင်းထောက်တွေဟာ…သူများထက်ပိုးချိန်ပိုရလို့ကို… ဒီကိစ္စမှာတော့…ချောက်ကျရတာပဲကွာ…"

"လင်းပါဦးဆရာ…"

"ဒီလိုကွာ…သူငယ်မက ရှင်ဟာ သတင်းထောက်မို့လို့ ကျွန်မဆီ ခဏခဏလည်း လာနိုင်တယ်၊ နေရာတကာလည်း ရောက်တယ်တဲ့…၊ ဒီတော့ ရှင်ဟာ နေရာတကာက မိန်းမတွေကို လည်ပိုးပြီးတော့…ခဏခဏ သွားနေမယ့်လူစားပဲဆိုပြီး…ငါ့လျှောက်လွှာကို ပယ်ချလိုက်တာပါပဲကွာ…"

mgyoe.com

သေဟ နန္ဒိယ...သူများထက် ဂေါ်ချိန်ပိုရသော သတင်းထောက်များမှာ သူများထက် ဂေါ်ချိန်ကိုရ၍ပင် ဂေါ်မစွံဖြစ်ရတတ်ကြောင်းကို ဆရာကိုမြသွင်က ကိုယ်တွေ့နှင့်ယှဉ်၍ သင်ပြမှပင် ကျွန်တော် ဂေါ်ဗဟုသုတ တစ်ခု ရပေတော့သည်။

"ဒါနဲ့ ဆရာရယ်...ကျွန်တော့်အတွက် ပုလိပ်သမီး ဂေါ်နည်းလေးများ လုပ်စမ်းပါဦးဆရာ..."

"ပုလိပ်သမီး...ပုလိပ်သမီး...(မြသွင်သည် ခေတ္တမျှ တွေသွားပြီး) အာ...သတင်းထောက်အဖို့ ပုလိပ်သမီးဟာ အလွယ်ဆုံးပေါ့ဟ..."

"အမယ်လေး...လုပ်စမ်းပါဦး ဆရာရယ်..."

"ရာဇဝတ်မှု သတင်းယူဖို့ဆိုပြီး...နေ့တိုင်း ဂတ်တဲတို့ ဂတ်တန်းလျားတို့ သွားပိုးပေါ့ကွ...၊ မပူနဲ့ဟေ့...၊ ငါကိုယ်တိုင် လိုက်အကျိုးဆောင်မယ်...၊ မင်း မြန်မြန်စွံမှပဲ...၊ နို့...ငါတို့ပိုးရာမှာ ကန့်လန့်...ကန့်လန့်နဲ့ တယ်ရှုပ်တယ်..."

"အမယ်လေး...ရှိကြီးခိုးပါရဲ့ ကျေးဇူးရှင်ကြီးရယ်...မြန်မြန်မတော်မူစမ်းပါ...၊ ဒါနဲ့ ဆရာ...ကောင်မလေးမြင်ရင် ဆရာကိုယ်တိုင် ကြိုက်သွားဦးမှာလား ဆရာ..."

"အာ...ငါသစ္စာရှိပါတယ်ကွ... ငါ ယောကျ်ားပါကွ..." "အဲ... အဲဒီ ယောကျ်ားမို့လို့ကို ကျွန်တော်မျိုးက ကြောက်တာခင်ဗျ..."

သာကဒိုးစကားအတွက် မြသွင်သည် တော်တော် 'ဖု'သွားပုံရလေသည်။ စင်စစ် သာကဒိုးကလည်း ကိုယ့်ကိစ္စကို မြန်မြန်တွန်းအောင်လို့ မခံချင်အောင် တမင်လုပ်လိုက်ခြင်းဖြစ်ပါသည်။ မြသွင်လည်း သာကဒိုးချိုးပေါက်ထဲသို့ တိုးဝင်လာလေတော့သည်။ ဘယ်သို့ဆိုသော် မြသွင်သည် သာကဒိုး ပြောသည်ကို မခံချင်၍ပင် နေ့စဉ် အချိန်မှန်မှန် ဂေါ်အကျိုးဆောင်လေတော့ သတည်း။ လှလှသန်းကို ကျွန်တော်တို့ ဂေါ်သေနင်္ဂဗျူဟာဆင်ရာ၌ နည်းချင်း တော်တော်ဆန့်ကျင်နေလေသည်။ သာကဒိုး၏ ဂေါ်သေနင်္ဂဗျူဟာမှာ ပထမစာပေး၊ ဒုတိယအချိန်ယူပြီး လူရိပ်ပြ၊ တတိယခြေလှမ်းကျမှ ဆက်စာပေး၊ စတုတ္ထ လစ်ရင် အတင်းစကားပြောဟူ၍ ဖြစ်သည်။ မြသွင်၏ ဂေါ်သေနင်္ဂဗျူဟာကား ပထမ ကောင်မလေးနှင့် မျက်လုံးချင်းကျအောင်

mgyoe.com

mgyoe.com

လူရိပ်ပြ၊ ဒုတိယအဆင့်စာပေး၊ တတိယအဆင့်ကား အလစ်ချောင်း၍ ဆွဲနမ်းရမည်ဟူ၍ ဖြစ်လေသည်။ မြသွင်နည်းကို ဒုတိယအဆင့်အထိ ကြိုက်သော်လည်း တတိယအဆင့်မှာမူ လက်ဝါးနှင့်လည်းကောင်း လက်ထိပ်နှင့်လည်းကောင်း နီးလွန်း၍ တော်တော် လန့်မိလေသည်။ ကိုင်ရမည့် အမှုမှာလည်း ပုလိပ်သမီးဖြစ်ပြီး ဂုတ်ဝင်းထဲလည်း စွန့်စားရမည့်ကိစ္စကြီး မဟုတ်ပါလား။

သို့သော်...ငနဲကို ဆရာတင်မိလက်စနှင့် သူ့ဂေါ်သေနင်ဗျူဟာကို ပထမနှင့် ဒုတိယအဆင့်အထိ လိုက်နာရန် ဆုံးဖြတ်ရလေတော့သည်။ သူ့ လမ်းစဉ်အတိုင်းပင် သာကဒိုးသည် နေ့စဉ် အချိန်မှန် ဂုတ်တန်းဆီသို့ သွား၍ ရှိုးပြရလေသည်။ အင်း...မိန်းမပိုးတယ်ဆိုတာ တော်တော်ကျန်းမာရေး ညီညွတ်တဲ့ကိစ္စကလားဗျ...၊ သာကဒိုးတို့များ ပိုးစရာ မိန်းမတွေ့ကတည်းက နေ့စဉ် အချိန်မှန် ရေမိုးချိုးလို့...နောက်ပြီး အဝတ်ကလေး စမတ်တင်းတင်း ဝတ်၊ ခေါင်းကလေးကို အကျဖြီးလို့၊ ပေါင်ဒါကလေးသ,လို့၊ အတော် ကျန်း မာရေးညီညွတ်တဲ့ကိစ္စပဲဗျ...၊ ဒါကြောင့်လည်း ပြည်ထောင်စုနိုင်ငံသား မြို့မိမြို့ဘ အပေါင်းတို့အား တိုက်တွန်းလိုသည်မှာ ကိုယ်လက်မအီမသာ ဖြစ်နေသည်ကို တွေ့ရှိပါလျှင် စိတ်ကူးမလွဲနဲ့၊ ငနဲကို မိန်းမသာ ဖိပိုးခိုင်းပေ ရော့...။ မုချမြန်မြန် ကျန်းမာရွှင်လန်းလတ္တံ့တည်း။ (မယုံမရှိနဲ့ ကိုယ်တွေ့)

ရှိုးပြ၍ ရက်ကလေး အတော်ရလာသော်...ကျွန်တော်၏ ဂေါ်နည်းပြ ဆရာက "ကဲ...ကိုယ့်လူ...စာပေးတော့"ဟု အမိန့်ချလေတော့ သည်။ ဤတွင် သာကဒိုးမှာ အခက်အခဲကြီး တစ်ခုနှင့်ကြုံတွေ့ရလေသည်။ ထိုအခက်မှ တစ်သက်လုံးခက်လာသည့်အခက်ပင် ဖြစ်ပါသည်။ ထိုအခက်မှာ ကျွန်တော် အဖို့ ကြာပါပြီ။ ကြာဆို လူပျိုဖြန်းဖြစ်လာပြီး၊ မိန်းမပိုးရန် ကြံလိုက်က တည်းကခက်လာသော အခက်ပင် ဖြစ်ပါသည်။ ဒီအခက်ကြောင့်ပင် ငါ တော့ တစ်သက်လုံး မိန်းမရတော့မှာ မဟုတ်ဘူးဟုပင် အားလျှော့ခဲ့မိပါ သည်။ လောကဌ် မကြီးချင်ဘဲနှင့် လူပျိုကြီးနေရသော ပုဂ္ဂိုလ်များအနက် တွင် ဒီလိုအခက်ခဲကြောင့်ပင် လူပျိုကြီးနေရသူများလည်း ပါလိမ့်မည်ဟု လည်း ထင်နေမိပါသည်။ ကျွန်တော့် အခက်တော်ကြီးကို မိတ်ဆွေတို့ အစ်ကိုရို့ အစ်မရို့ ဘာလို့ ထင်ကြပါသလဲ။ ကျွန်တော့်အခက်ကို ထုတ်ဖော်

mgyoe.com

mgyoe.com

ပြောရလျှင် မယုံမည်စိုး၍ ပြောများပင် မပြောချင်ပါ။ ထိုအခက်မှာ ကျွန်တော် လက်ရေးမလှတဲ့ကိစ္စပါပဲ(ဝါ)ကျွန်တော့်လက်ရေး အင်မတန်ဆိုးလွန်းလို့ပါ ခင်ဗျားဟု ဆိုလျှင်၊ အစ်ကိုတို့ အစ်မတို့ယုံမှ ယုံနိုင်ကြပါ့မလား။ မယုံတော့ မရှိကြပါနဲ့။ လက်ရေးဆိုးတဲ့ ဒုက္ခကို ကိုယ်တိုင်ခံစားရတဲ့ သူများတော့ စာနာတရားနဲ့ထားပြီး သိကြပါလိမ့်မယ်ထင်ပါတယ်။ ဒီဒုက္ခကြောင့် သာကဒိုးမှာ ပြောလျှင် ယုံနိုင်ဖွယ်မရှိအောင် အဖြစ်ဆန်းများလည်း တွေ့ကြုံခဲ့ရပါတယ်။ အဆိုးဆုံးကတော့ မိန်းမကိစ္စနဲ့ပတ်သက်လာတဲ့အခါ ဒီဒုက္ခဟာ ကျွန်တော့်ကို ချောက်အချဆုံးပဲ။ လူကြီးမင်းများပဲ စာနာတရားနဲ့ စဉ်းစားကြည့်ကြပါတော့ဗျ။ လက်ရေးဆိုးတဲ့ဒုက္ခဟာ ဒီပြင်ကိစ္စတွေမှာထက် ရည်းစားစာပေးတဲ့နေရာမှာ ဒုက္ခအရောက်ဆုံးပါပဲ ခင်ဗျ...။

မိန်းမဆိုတာ လှတာမှ ကြိုက်တတ်ကြတယ် မဟုတ်ပါလား ခင်ဗျ၊ ဒါ့ကြောင့် ရည်းစားစာကိုလည်း ပုလဲလုံးကလေးတွေ စီထားသလို ရှင်းရှင်းလေးနဲ့ လှလှလေးရေးနိုင်မှ ကြိုက်တတ်ကြတယ် မဟုတ်ပါလား...။ ကျွန်တော့် လက်ရေးမှာတော့ ဘဝဘဝက အကျိုးပေးမကောင်းခဲ့သမို့ ဘယ်လိုပဲ နင်လားငါလားကြိုးစားပြီး ရေးပေးသည့် စက္ကူပေါ် ပဲပင်ပေါက်တွေ ဖိတ်ထားသလို ရုတ်ရုတ်ရက်ရက်နိုင်လှသဖြင့် အဘယ်သို့သော မ, သတ္တဝါတို့က ရွှေဘောတော် ကျကြပါမည်နည်း။ ထို့ကြောင့် ကျွန်တော်လည်း စားရခါနီးစားပွဲကြောင်လှဲဆိုတာလို လှလှသန်းကလေးကို မျက်စမျက်နတွေပစ်လို့ နီးစပ်တတ်တတ်လေးရှိလာပြီးခါမှ လက်ရေးမလှသည့်ဒုက္ခကြောင့် လက်နက်ချပြေးရမလို ဖြစ်နေပြန်တော့သည်။ ထို့ကြောင့် ဂေါ်ဩဝါဒစရိယ ဆရာမြသွင်အား တိုင်ပင်ရပြန်တော့သည်။ ဆရာက ထိုပြဿနာကို လွယ်လွယ်ပင်"ဟကောင်ရ...ညံ့လှချည်လားဟ...ဒါ ခက်ခက်–နိုးနိုးလိုက်လို့...လက်ရေးလှတဲ့အကောင် ရေးခိုင်းပေါ့ဟ...ဂျို မောင်စိန်ရေးခိုင်းပေါ့...ဒီကောင် လက်ရေးတော်တော်လှတဲ့ကောင်ပဲ..."ဟု နည်းညွှန် လမ်းပြရာ ကျွန်တော်လည်း ဝမ်းသာအားရ ဆရာစေသည့်အတိုင်း ဂျိုစိန်ကိုပင် ရေးခိုင်းရလေပါသည်။

သို့သော် ဤနေရာတွင် ဆရာညွှန်သည့်အတိုင်း လိုက်နာ၍ မှားခြင်းကြီးမကမှားကြောင်းကို ကျွန်တော်နောင်တွင် သိရလေတော့သည်။

mgyoe.com

ဘယ့်ကြောင့်ဆိုသော်"မင်းကိုမရရင်ဖြင့် မောင် သေလိမ့်မယ်ထင်တယ်... နေစိမ့်တဲ့ခင်ရယ်။ မင်းကြောင့် မောင်တော့ သေငယ်ဇောနဲ့မြောပြီး... မာလကီးယားခါနီးပါပြီကွယ်..."ဆိုတာတွေ ဘာတွေ မဟုတ်က ဟုတ်က တောက်တီးတောက်တဲ့ ဖွဲ့နွဲ့ရေးသားပေးပို့သော ဂေါ်လျှောက်လွှာများ ကလေးမထံတွင် ပိဿာချိန်အတော်ရလောက်သောအခါတွင် သူငယ်မဆီက ပြန်စာ ရလာပါသည်။ သူ့ဆီက ပထမပြန်စာမှာ သိပ်တော့မဆန်းလှပါ။ မိန်းကလေးတို့၏ မူလကျိုသွန်နီလုပ်နေကျအတိုင်း ကျွန်မဒါတွေ...စိတ်မကူး တတ်သေးပါဘူးရှင်...ဒါတွေ စိတ်ကူးတဲ့အခါကျတော့ ကျွန်မ ကိုကြီးကို စဉ်းစားပါ့မယ်ရှင်တွေ၊ ဘာတွေပဲ ဖြစ်ပါသည်။ သူက ထုံးစံအတိုင်း ဒါတွေ စိတ်မကူးသေးပါရှင်...ဆိုသော်လည်း ဒါတွေပဲ စိတ်ကူးလို့သာ ဒီကဆီကို ဒီလိုစာပြန်တာဖြစ်သည်ကို ဒီကောင်က နှောကျေပြီးဖြစ်၏။ ဒီအချိန်မှာ ဒါတွေ၊ ဒါတွေ ပိုစိတ်ကူးအောင်၊ ဒါတွေ၊ ဒါတွေ နင်းရေးရမည်ကိုလည်း ဒီကောင်က နှောကျေပြီးဖြစ်၏။ ထို့ကြောင့် မီးလောင်စ ပြုနေတုန်းလေ တရကြမ်းပင့်တော့မည်ဟု ဂေါ်ထိုးစစ် ပြင်လိုက်စဉ် အစက မကောင်းခဲ့၍ အနှောင်းမသေချာရသည့်အမှားကြီးကို ကျွန်တော် တွေကြုံရလေတော့သည်။ ၎င်းမှာ ဘဝအကြောင်း မကောင်းသမို့ ကံဇာ တာနိမ့်စောင်းပြီး လက်ရေး မကောင်းရသည့်ဒုက္ခကို ဂေါ်နည်းပြဆရာ၏ ညွှန်ကြားချက်အတိုင်း လိုက်နာကာ ဂျိုမောင်စိန်၏အကူအညီကို ယူခဲ့ရာ၌ သင်းက နှောက်တီး နှောက်တောက်ရယ်လို့ လုပ်ပေးနေခဲ့ရာက တကယ်ကြီး စွံလာသောအခါ တွင် ချက်ကောင်းကိုင်ပြီး ဈေးဆွဲလာသောကြောင့်ပင် ဖြစ်ပါတော့သည်။

"ဟေ့ကောင်...စာတစ်စောင် ၅ ကျပ်ရမှ ရေးတော့မကွာ...နှောင်ကို... အလကား ရေးမပေးနိုင်တော့ဘူး..."

ဂျိုစိန်က ဈေးဆိုလေတော့သည်။

ကျွန်တော် မျက်လုံးဝိုင်းပြီး...

"အာ...အာ...ဆရာလေးရယ်...ဒီလိုတော့ မလုပ်ပါနဲ့ဗျာ..."

"အို...မရဘူး...ငါ့စာတွေကြောင့် မင်းဟန်လာတာမဟုတ်လား။ အူ ကြောင်ကြောင် မလုပ်နဲ့ကိုယ့်လူ...ဒါပဲ...တစ်ခွန်းဈေးပဲ..."

ဂျိုစိန်က ပြတ်ပြတ်ကြီး ဈေးတောင်းလေတော့သည်။

mgyoe.com

mgyoe.com

ကျွန်တော်လည်း ရှားရှားပါးပါးမတော်တဆရည်းစားလေးတစ်ယောက် ရလာခါမှ ချောက်ကောင်က ခွတိုက်လာသည်ကို စေတနာတွေအလုံးအရင်းထား၍ စုံဆယ်ဖြာနှင့် ချော့မော့နေရလျက်...

"ဒီလိုတော့...မလုပ်ပါနဲ့ အစ်ကိုလေးရယ်...ဆင်းရဲသားချင်းမညှဉ်းချင်ပါနဲ့ဗျာ...ကျုပ် အကျိုးဆောင်တဲ့ ကျေးဇူးတွေကို ဘယ်တော့မှ မမေ့ပါဘူး စိတ်ချပါ..."

"အိုကွာ...တစ်ခွန်းစျေးပဲ..."

"လျှော့နိုင်ရင်လည်း လျှော့ပါဦး ဆရာလေးရယ်... ဒါမျိုး အကျိုးဆောင်ရတာ ကုသိုလ်ရပါတယ် ဆရာလေးရဲ့...၊ ဘုရားဟောတောင် ရှိတယ် မဟုတ်လား ဆရာလေးရဲ့...၊ သူများကို စေတနာထားပြီး အဝတ်လှူရင် ကိုယ့်မှာ အဝတ်ပေါသတဲ့...၊ သူများကို စေတနာထားပြီး စားစရာလှူရင် ကိုယ့်မှာ စားစရာပေါသတဲ့။ ဟော...ဆရာလေးလည်း စေတနာထားပြီး ရည်းစားစာတွေကို အလှူအဖြစ် ရေးပေးမယ်ဆိုရင် ဆရာလေးမှာပဲ ရည်းစားပေါတဲ့အကျိုး ခံစားရမှာ မုချပဲ မဟုတ်လား...၊ ဆရာလေး ရည်းစားမပေါချင်ဘူးလားဟင်..."

ကျွန်တော်လည်း ငနဲကို တစ်နည်းနဲ့မရ တစ်နည်းနဲ့ရဟု သဘောပိုက်၍ ဘုရားနှင့်ကိုင်ပြီး တရားပြကာ ရည်းစားစာရေးအမြိုက်ဆေး တိုက်ကျွေး၍ ဖြီးသော်လည်း ငနဲကမူ...

"အိုကွာ...တစ်ခွန်းစျေးပဲ..."

ထိုအဖြစ်အတွက် ကျွန်တော်သည် ကိုယ့်ဘဝကို တော်တော် စိတ်နာသွားမိပါသည်။ ကိုယ့်ဘဝအကျိုးပေးက မကောင်းလေတော့ သူများလက် အားကိုးနဲ့'ရည်းစားထားနေ'ရ၍ ညှဉ်းသမျှ ခံရသည်တကားဟု တွေးလိုက်တိုင်း ရင်နာနေမိပါသည်။ ဤလုလုသန်းကိစ္စတွင်မက ကျွန်တော်သည် ရှေးရှေးကလည်း မိန်းမတွေ တွေ့ကြုံခဲ့ ပိုးခဲ့လေတိုင်း ဤဒုက္ခမျိုးခံခဲ့ရပေါင်းလည်း များပါပြီ။ အခါကောင်း အခွင့်ကောင်းလေး ကြုံကာကလေးမတို့နဲ့ ပရောပရိုပြီတီတီ–ရီတီတီဖြစ်လာလို့"မင်းကလေးကို...ငါညားချင်တယ်..."ဟု ချစ်စာပါးတော့မည် ကြံလိုက်တိုင်း ဤလက်ရေးဒုက္ခကြီးသည် ပြုံးဖြီးဖြီးနှင့် ဝင်လာတတ်ပေါင်းလည်း များပါပြီ။ ထို့ကြောင့်

mgyoe.com

mgyoe.com

လည်း ဤအခက်သည် တစ်သက်လုံးခက်လာခဲ့သော အခက်ဟု ကျွန်တော် ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ဒီအခက်ကြောင့်ပင် ငါတော့ တစ်သက်လုံး မိန်းမ ရတော့မည် မဟုတ်ဟုပင် အားလျှော့ခဲ့မိပါသည်။ ဤသည်သော သတ္တလောကကြီးတွင် ကျွန်တော်ကဲ့သို့ လက်ရေးမလှ၍ မိန်းမ,မရဘဲ ဂေါ်တိုးလို့ တန်းလန်းဖြစ်နေသော သတ္တဝါဝေနေယျအများအပြားပင် ရှိနေလိမ့်မည်ဟု ကိုယ်ချင်းစာတရား ထားမိပါသည်။

ဤလက်ရေးဒုက္ခကို ခံခဲ့ရပေါင်းများပြီ။ ဒါ 'ဝဋ်'တစ်မျိုးလားဟုပင် ကျွန်တော်ထင်မြင်မိပါသည်။ ကျွန်တော်၏ မွေးဇာတာတွင် ဘယ်ဂြိုဟ်နဲ့ ဘယ်ဂြိုဟ်ယှဉ်ပြီး ဘယ်ဂြိုဟ်က ဝင်ဆော်သွားလို့ ဒီကောင်လက်ရေးဆိုးပြီး တစ်သက်လုံးဒုက္ခရောက်မယ်ဟု ဟောကိန်း ပါမပါကား ကျွန်တော်မသိ။ တွေ့လေသမျှ ကြုံလေသမျှ ကိစ္စများ၌ ဤအခက်သည် အမြဲပင်ဝင်ခက်နေတတ်ပါသည် ။ ကျွန်တော် ဝါသနာပါလာသည်ကား စာပေလုပ်ငန်း၊ ဤစာပေလုပ်ငန်း၌ ကျွန်တော်၏ အကြီးဆုံးသော အနှောင့်အယှက်ကြီးမှာလည်း ဒီလက်ရေးညံ့ဖျင်းမှု ဒုက္ခကြီးပင် ဖြစ်နေပါတော့သည်။ မိန်းမ ပိုးလိုက်မဟဲ့ဟု ကြံလိုက်တိုင်း ဤလက်ရေးဒုက္ခကြီး ဝင်ဝင်လာတတ်ပါသည်။ နောက်ပြီး ကျွန်တော် ဝမ်းရေးကျောင်းရသော အလုပ်မှာလည်း လက်နှင့်ရေးနိုင်မှ ထမင်းစားရသော သတင်းစာလုပ်ငန်း၊ ထို့ကြောင့်ပင် ကျွန်တော့်ဇာတာတွင် လက်ရေးမကောင်းလို့တစ်သက်လုံးဒုက္ခရောက်ရန် ဂြိုဟ်ထူးဂြိုဟ်ဆန်းတွေ နှောင်ဂျိန် ချနေသလောဟု ထင်ခဲ့မိခြင်းဖြစ်ပါသည်။

လှလှသန်းနှင့် တူနှစ်ကိုယ် ပေါင်းဖော်ရေးကိစ္စ၌ လက်ရေးဒုက္ခကြောင့် ချစ် မအီမလည်ကြီး ဖြစ်နေစဉ်အချိန်တွင်ပင် ကျွန်တော် သတင်းထောက်လုပ်နေသော အိုးဝေတိုက်၌လည်း ဦးညိုမြက...

"ဟေ့ကောင်...မင်းကိုငါတစ်ခုမေးချင်တယ်..."

"ဟုတ်ကဲ့ မေးပါဆရာ...ဘယ်သတင်းကိစ္စ မရှင်းလို့လဲခင်ဗျ..."

"အေး...မင်းရေးသမျှ ဘယ်သတင်းမှ...ရှင်းတယ်မရှိဘူး...ငါမေးချင်တာက ...မင်းဟာ ဘယ်သူ့အားကိုးနဲ့ ဒီလောက်တောင် လက်ရေးဆိုးနေရတာလဲလို့..."

"အာ ဆရာ...ကျွန်တော်ကြိုးစားပြီး ရေးပါတယ် ဆရာရယ်..."

mgyoe.com

mgyoe.com


"အေး...မင်းကကြိုးစားရေးနေ...စာစီသမားတွေကလည်း ဆူလှပူလှပြီ...။ မင်းလက်ရေးကြောက်လွန်းလို့ ငါတော့ သတင်းစာလုပ်ငန်းကိုတောင် စွန့်လိုက်ချင်ပြီ...မင်းလက်ရေးကြောင့် စာစီသမားတွေရဲ့ ကျန်းမာရေးကိုတောင် ထိခိုက်ကုန်တော့မယ်..."ဟု ဦးညိုမြကသူ့ထုံးစံအတိုင်း တစ်နာရီ ၂ ဖာလုံနှုန်းဖြင့် တစ်လုံးချင်း လေးလေးကြီးပြောဆိုပြီး ကြိမ်းဝါးလေရာ ကျွန်တော့်မှာ ကိုယ့်ဒုက္ခနှင့်ကိုယ်မို့ မှိုင်တွေချ၍သာ နေရပေတော့သည်။ ဤသို့ ကြိမ်းဝါးခံရပေါင်းများလှပြီဖြစ်၍ ကျွန်တော့်အဖို့ ကြားနေကျ တီးလုံးသွားလေး နားထောင်နေသလို တယ်မထူးသော်လည်း ယနေ့ ဦးညိုမြသည် အတော်ကြီး ဒေါသထွက်နေပုံရ၍ ကျွန်တော်က သနားစရာ သတ္တဝါလေးဖြစ်အောင် ပိုမှိုင်ပြနေရလေတော့သည်။ ဦးညိုမြကပင်...

"ဟော့ကောင်...ဒီဟာကြည့်စမ်း မင်းလုပ်ပုံကောင်းသေးရဲ့လားလို့... ငါတော့ သေချင်တာပါပဲကွာ..."

ယနေ့ထုတ် အိုးဝေ သတင်းစာကို ဆောင့်ကြီးအောင့်ကြီး ထိုးပေးရာ ကျွန်တော်လည်း ဘယ်ရာဇဝတ်အိုးများ ငါတုတ် ထိုးမိပြန်သလဲဟု ထိတ်လန့်တကြီးဆွဲကြည့်မိတော့၏။ သတင်းစာတစ်နေရာတွင် ကျွန်တော်ရေးသော သတင်းတစ်ခုကို မင်နီအထပ်ထပ်ခြစ်ပြထားသည်ကို တွေ့ရပြီး ကျွန်တော့် လက်ရေးမူကိုလည်း ပူးတွဲပြထားသည်ကို တွေ့ရလေပါသည်။ ဘယ်သတင်းများ မှားပြန်ပါလိမ့်ဟု ကျွန်တော် ဖတ်ရှုလိုက်ရာ အား... ရှောက်ကျိုးနည်းကုန်ပါပကော၊ ဝန်ကြီးချုပ်နဲ့ပတ်သက်တဲ့ သတင်းပါကလား... ကျွန်တော် ဖောချွေးများပင် ပြန်မိပါတော့သည်။

ထိုသတင်းမှာ ဗမာပြည် လာကစားသော ဆွီဒင် ဘောလုံးအသင်းနှင့် မြန်မာလက်ရွေးစင်အသင်းတို့ နောက်ဆုံးနေ့ ဘောလုံးကစားသော သတင်းပင် ဖြစ်ပါသည်။ ထိုနေ့က ဝန်ကြီးချုပ်ကိုယ်တိုင်လာ၍ ရှုစားပြီး ဘောလုံးပွဲအပြီးတွင် ဝန်ကြီးချုပ်ဦးနု (ထိုစဉ်က သခင်နု)က ဆွီဒင်ဘောလုံးအသင်းသားများအား လက်ဆောင်အဖြစ် ပုသိမ်ထီးတစ်လက်စီ ပေးပါသည်။ ထိုသည်ကို ကျွန်တော်က သတင်းရေးသားလိုက်ရာတွင် သတင်းစာ၌ ပါလာသည်ကား ပုသိမ်ထီးအစား "ဝန်ကြီးချုပ် သခင်နုက ဆွီဒင်ဘောလုံးသမားများအား ပုသိမ်ဓားတစ်လက်စီ လက်ဆောင်ပေးကြောင်း"ဖြင့်

mgyoe.com

mgyoe.com


တွေ့ရခြင်းပင် ဖြစ်ပါတော့သည်။

ဒုက္ခပါပဲဗျာ။ စင်စစ်ကျွန်တော်သည် သတင်းမှန်အတိုင်း ထိုးပေးသည်ဟု ရေးလိုက်ရိုးအမှန်ပါ။ သို့သော် သတင်းစာ ပုံနှိပ်ပြီးသောအခါ၌ ထိုးဘဝမှ ဓားအဖြစ်သို့ရောက်သွားခြင်းမှာ တရားခံကို ရှာသော် လက်ရေး... လက်ရေး....ကျွန်တော့်ကို တစ်သက်လုံး ဂြိုဟ်မွှေနေသော သေချင်းဆိုးလက်ရေးကြောင့်ပင် ဖြစ်ကြောင်းကို ကျွန်တော့်ကော်ပီမူက ဝင်၍ ဖြောင့်ချက်ပေးနေလေတော့သည်။ သို့သော် ကျွန်တော်က...

"အာ ဆရာ...ဒီကိစ္စဟာ...ကျွန်တော်လက်ရေးမရှင်းတာတော့ မှန်ပါတယ်...၊ ဒါပေသိ စာပြင်ဆရာက...မရှင်းတာကို မမေးဘဲ...စွပ်ထည့်လိုက်လို့ မှားတာပဲဆရာရဲ့..."အမှုသက်သာအောင် လျှောက်ပါသေးသည်။ သို့သော် ဦးညိုမြက...

"မှန်လာဥ...လုပ်မနေပါနဲ့ ကိုယ့်လူရယ်...တော်ပါတော့...၊ ငါတော့ သေချင်တာပါပဲ...(ချုံ့သံပါအောင် ညည်းညူပြီး) အေး...မင်းလုပ်လို့ ငါကနေ့ သွားလေရာမှာ လူဝိုင်းရယ်ခံနေရတယ်...၊ လူတွေက သတင်းစာကို ဖတ်ပြီး ဟားတိုက်နေတာတွေကိုလည်း တွေ့ရတယ်..၊ ကြာရင် မင်းကြောင့် ငါတို့ သတင်းစာတော့ လူပြက်သတင်းစာဖြစ်တော့မယ်"ဟု ဝမ်းနည်းပန်းနည်းသံဖြင့် ပြောဆိုလေပါသည်။ ပြောတော့ဆရာ...ပြောတော့၊ ကျွန်တော့် ဘဝအကျိုးပေးကမှ မကောင်းသကိုး။ ကျွန်တော့်လက်ရေးကြောင့် သတင်းစာတွင် မှားရသော အမှားတွေမှာ ရေပင်မရေတွက်နိုင်ပါပြီ။

တစ်ကြိမ်တွင်လည်း မယ်ရွေးပွဲသတင်းကို ကျွန်တော်ရေးပေးပါသည်။ ကျွန်တော်က "ဤမယ်ရွေးပွဲကြီး၌ မယ်လောင်းပေါင်း ၂၉ ဦး ယှဉ်ပြိုင်ရာ မယ်ဗမာဘွဲ့ကြီးကိုမ × × က ဆွတ်ခူးသွားကြောင်း"ဟု ရေးသည်ကို နောက်တစ်နေ့ပါလာသည်ကား "မယ်လောင်းပေါင်း ၂၉ ဦး ယှဉ်ပြိုင်ရာ မယ်ဗလာဘွဲ့ထူးကြီးကို မ× × ကဆွတ်ခူးသွားကြောင်း"ဟု ပါရှိ၍ မယ်မိဘတို့ အုံကြွ ဒေါသူပုန်ထခြင်းကို ခံရပါသေးသည်။ ဤအမှားကို ကျွန်တော်က မခံမရပ်နိုင်ဘဲ အမှားပေါ်တိုင်း ကျွန်တော့်လက်ရေး လွှဲချတတ်သော စာပြင်ဆရာအား...

"ဟေ့လူ..ဒါခင်ဗျားမှားတာပဲ။ မယ်ဗမာပြိုင်ပွဲပါလို့ဆိုထားတာကို...၊

mgyoe.com

mgyoe.com


မယ်ဗလာဖြစ်နေတာတော့...၊ သိသာကြီးနဲ့ တမင်လုပ်လိုက်တာပဲ...ဒါ ခင်ဗျားအပြစ်ပဲ...”ဟု နိုင်ပေါက်စီး၍ ကြိမ်းပါသည်။ ဤတွင် စာပြင်ဆရာ က...

“ဘာ ကျုပ်မှားရမလဲဗျ...၊ ခင်ဗျားလက်ရေးကိုက မရှင်းတာကို...၊ မယ်ဗမာကို မယ်ဗလာလို့ တမင်နောက်ပြီးနောက်တောက်ရေးတယ် ထင်လို့ မယ်ဗလာလိုက်တာပဲ...။ ဒီလို မှားပေတဲ့ဗျာ...တကယ်ဆိုတော့...မှားတာကို က မှန်တန်တန် ဖြစ်နေသားပဲဗျ...”

သူ့ ချေပချက်အရ အင်း...ဒါလည်း ဟုတ်တုတ်တုတ်ပေပ၊ ထိုကိစ္စ ကား ဦးညိုမြ မသိလိုက်၍ အကြိမ်းလွတ်ကာ တော်ပါသေးသည်။ တစ် ကြိမ်တွင် မှားသွားသော စာမှားကား အမှားကောင်းဟု ဆိုလောက်သော အမှား ဖြစ်ပါသည်။ ထိုစဉ်က အင်းစိန်တိုက်ပွဲဖြစ်လျက် ရှိပါသည်။ တိုက်ပွဲသို့ သွားရောက် သတင်းထောက်ကြရာတွင် ကျွန်တော်လည်း ပါခဲ့ပါ သည်။ တိုက်ပွဲနေ့တစ်နေ့တွင် ကျွန်တော်သည် ထိုးစစ်ဆင်သော တပ်မတော် မှ တပ်စုတစ်စုနှင့် လိုက်သွားပြီး ကိုယ်တွေ့ရှေ့တန်းစစ်မျက်နှာ တိုက်ပွဲ သတင်း ကို ရေးပါသည်။ ထိုရှေ့တန်းတိုက်ပွဲသို့ ဗိုလ်မှူးချုပ် ကျော်ဇောနှင့် ဗိုလ်မှူးကြည်မောင်တို့ကိုယ်တိုင် ကြည့်ရှုကွပ်ကဲပေးပုံ၊ အကြိတ်အနယ် တိုက်ပုံ၊ လေယာဉ်မှ ဗုံးကြဲပုံ၊ ကေအင်ဒီအိုတို့လှုပ်ရှားပြေးလွှားပုံများကို အသေးစိတ်၍ အကျယ်တဝင့်ရေးသားပါသည်။ ၎င်းအပြင် ကျွန်တော့်အနီး မှ ရဲဘော်တစ်ဦး အီးဝိုင်သေနတ်နှင့် ပစ်ခတ်ရာ၌ တွေ့ကြုံရပုံများကိုပါ ရေးပါသည်။ အီးဝိုင်ဆိုသည်မှာ ရိုင်ဖယ်သေနတ်ထိပ်၌ လက်ပစ်ဗုံးထည့်၍ ပစ်၍ရသော လက်နက်ကိရိယာပင် ဖြစ်ပါသည်။ ထိုသည်ကို ကျွန်တော်က “ရဲဘော်သည် တွား၍ ရှေ့တက်သွားပြီး အီးဝိုင်ဖြင့်ပစ်လိုက်ရာ ကေအင်ဒီ အိုများ ချုံတစ်ခုအတွင်း၌ အတုံးအရုံးကျဆုံးကြသည်ကို တွေ့မြင်ရကြောင်း” ဖြင့် သတင်းတစ်ဖနေရာတွင် ရေးထည့်ပါသည်။ နောက်တစ်နေ့ သတင်းစာ တွင်တွေ့ရသည်ကား “ရဲဘော်က တွား၍တက်ပြီး စည်ပိုင်းနှင့်ပစ်လိုက်ရာ ကေအင်ဒီအိုများ အတုံးအရုံး ကျဆုံး ကုန်ကြောင်း” ဖြင့် ပါလာလေသတည်း။

ဤအမှားကား အမှားကောင်းဟု ဆိုမည်လည်း ဆိုလောက်ပါပေ သည်။ ဘယ့်ကြောင့်ဆိုသော် ရဲဘော်၏ စွန့်စားခန်းမှာ အီးဝိုင်ထက် စည်ပိုင်း

mgyoe.com

mgyoe.com


နှင့်ကောက်ပေါက်သည်က ပိုကြီးကျယ်သွား၍ပင် ဖြစ်ပေသည်။ သတင်းစာဖတ်သူများထံမှ ထိုသတင်းအတွက် "တယ်...သတ္တိကောင်းတဲ့ ရဲဘော်ပဲ..." ဟု ချီးကျူးသည်ကိုပင် ကြားခဲ့ရပါသည်။

အမှန်ဆိုသော် ကျွန်တော့်လက်ရေးကို ယိုးမယ်ဖွဲ့၍ ပြောနေကြသော်လည်း အိုးဝေတိုက်မှ စာပြင်ဆရာများမှာ စာမှားသည့်ဘက်၌ ရွေ့တံဆိပ်ပေးလောက်အောင် တော်သူများ ဖြစ်ပါသည်။ စာမှားလွန်း၍ ဦးညိုမြကစာတစ်လုံးမှား 'တစ်ပဲ'ဒဏ်ချမည် အမိန့်ထုတ်ရာ၊ စာပြင်ဆရာများမှာ စာရင်းရှင်းသောအခါ၌ ရသည့်လစာ ပြုတ်သည့်ပြင် အိတ်က လိုက်စိုက်ရသည့်အထိပင် တော်ကြပါပေသည်။ မှားမယ့်သာ မှားရသည်။ ညညစာပြင်ဆရာများ အော်ဟစ် ရွတ်ဖတ်၍ စာပြင်ကြသည်မှာ ဘုန်းကြီးကျောင်းစာအံသည့်ပမာ သောသောညံနေတတ်ပါသည်။ သို့သော် နောက်တစ်နေ့ သတင်းစာ၌ မှားလိုက်သည်မှာ သွက်သွက်ကိုလည်းရောဗျာ...။

အင်းစိန်တိုက်ပွဲသတင်းနှင့်ပတ်သက်၍ သတင်းထောက်က စစ်ဗိုလ်တစ်ဦး၏ ခေါင်း သေနတ်မှန်သည်ကို "ကေအင်ဒီအိုတို့ ပစ်လိုက်သောကျည်ဆန်တစ်ခုမှာ ဗိုလ်× ×၏သံခမောက်ကို ထိမှန်၍ သံခမောက်ကွဲသွားပြီး ဆံပင်များ ပြတ်ကာ ခေါင်းမှ သွေးများထွက်လာကြောင်း"ဟု ရေးသားလိုက်၏။ သို့သော် သတင်းစာ၌ ပါလာသည်ကား "ဗိုလ်× ×၏ သံခမောက်ကို ထိမှန်၍ သံခမောက် ကွဲသွားပြီး ဆံပင်များ ပြတ်ကာ ခေါင်းမှ သွားများ ထွက်လာကြောင်း ဟု ဖြစ်နေလေတော့သည်။

အမှန်ဆိုသော် သတင်းစာသမားတို့၏ ဒုက္ခကို သတင်းစာသမားများသာ သိကြပါလိမ့်မည်။ လုပ်ငန်းမှာ ဖုတ်ပူမီးတိုက် လုပ်ငန်းဖြစ်ပြီး ယနေ့ဖြစ်ပျက်သော သတင်းများကို နက်ဖြန်အမီ ရေးသားထုတ်ဝေနိုင်ရန် အချိန်လု၍ ကသောကမျော လုပ်ကြရလေရာ အဘယ်မှာလျှင် လုံးစေ့ပတ်စေ့ မှန်နိုင်ကြပါမည်နည်း။ အနည်းနှင့်အများမှားကြသည်ချည်း ဖြစ်သည်။ သို့သော် ကျွန်တော် လုပ်နေ၍လောမသိ အမှားဆုံးကားနံပါတ်ဝမ်းတစ် ဂဏန်းတစ် အိုးဝေပါပဲ။ တစ်ကြိမ်တွင် အသက်ကြီးမှ မိန်းမယူသော ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးတစ်ဦးသည် သားဦးရတနာကလေး မွေးဖွားသည်ကို အားရဝမ်းသာ ကြော်ငြာလာထည့်၏။ သို့သော် သတင်းစာက လုပ်လိုက်၍သူ၏

mgyoe.com

mgyoe.com


အားရဝမ်းသာကိစ္စမှာ ဒေါသအမျက်ချောင်းချောင်းထွက်စရာကိစ္စ ဖြစ်သွားရလေတော့သည်။ ဘယ့်ကြောင့်ဆိုသော် သူရေးသော ကြော်ငြာတွင် "သားဦးရတနာမွေးဖွားပါကြောင်း"ဟု ပါရှိရမည့်အစား

"သားဆိုးရတနာ မွေးဖွားပါကြောင်း"ဟု ပါရှိသွား၍ ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ရှူးရှူးရှဲရှဲနှင့် တိုက်သို့လာ၍ "ခင်ဗျားတို့ သိပ်ရက်စက်တယ်၊ သိပ်ရက်စက်တယ်"ဟု တတွတ်တွတ် အော်မြည်နေပါတော့သည်။

အိုးဝေတိုက်တွင် ပုလိပ်မင်းကြီး သတင်းတစ်ခုရေးထည့်ရာ၌(ပု) မပါလာသည့်အပြင် "လိမ်မင်းကြီး"ဟု ဖြစ်နေ၍ ရဲမင်းကြီးခမျာ ခိုးလိုးခုလု ဖြစ်ကာ တယ်လီဖုန်းဖြင့် ကြေကွဲဝမ်းနည်းသော စကားပြောသည်ကို ကျွန်တော်ခံခဲ့ရဖူးပြီ...

အမှားများကား ပြောမဆုံးပေါင် တောသုံးတောင်ပင်တည်း။ တစ်ညတွင် နောက်ဆုံးသတင်းစာ စာဖောင်ကို စက်တင်ရာတွင် စာအချို့ပြိုကျသွား၏။ သတင်းစာထွက်ရန် အချိန်ကလည်းနည်းနေ၍ ကမန်းကတန်း ပြန်ပြီးစီထည့်ရာတွင် ဒေါသအိုး တုတ်ထိုးမိသော ကြော်ငြာအမှား တစ်ခုကြောင့် နောက်တစ်နေ့၌ တစ်တိုက်လုံး ပွက်ပွက်ရိုက်သွားခဲ့လေသည်။ ထိုအမှား၏ ကြီးမားပုံကား အမျိုးသမီးတစ်ဦးက သူသာလျှင် မယားကြီးဖြစ်ကြောင်း ကြော်ငြာရာတွင် စာစီမှားကာ မယားငယ်အဖြစ် ကြော်ငြာရာ ရောက်နေ၍ပင် ဖြစ်ပါတော့သည်။

မတော်တဆ မှားယွင်းမှုများအပြင် နောက်တီးနောက်တောက် လုပ်ရာက ချောက်ကျရသည့်အဖြစ်များလည်း ရှိပါသည်။ တစ်ကြိမ်တွင် မင်းဆွေမင်းမျိုး နှစ်ဦးဘက် လက်ထပ်ကြ၏။ နှစ်ဖက်မိဘဆွေမျိုးများ ဂုဏ်တင်ကာ စုံအလင်ကြော်ငြာထည့်ရာတွင် ထိပ်တင်တွေ၊ ထိပ်စုတွေ၊ တော်ဘုရားတွေ တခမ်းတနားရှည်လျားစွာ ပါရှိ၏။ ထိုကြော်ငြာစာကို မစီမီ တစ်ယောက်က ဖတ်ကြည့်ပြီး နောက်တောက်တောက်လုပ်၍ ထိပ်တင်တွေ ထိပ်စုတွေအကြား၌ "အစ်ကိုကြီး ဦးပေါ်တာ'ဟု ရေးထည့်လိုက်၏။ သို့နောက်ရာက အမှတ်တမဲ့နှင့် ပြန်မဖျက်မိဘဲ သတင်းစာတွင် ပါလာရာ "ဟယ်...ငါတို့မင်းမျိုးထဲ ဒီပေါ်တာဆိုတာ မရှိပါဘူး ဘယ်က ခွေးမျိုးလဲ"ဟု တိုက်လာပြီး ယမ်းပုံမီးကျလေတော့သတည်း။

mgyoe.com

mgyoe.com


သတင်းစာများ၏ မှားတော်ပုံဆန်းများကို ရေးရလျှင် မဆုံးနိုင်ပါပြီ။ ကျွန်တော် ဖော်ပြပါသာဓကများအရ သတင်းစာ၌ပါသော အမှားများမှာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်သည်မှာ ထင်ရှားလေပါသည်။ သို့ကလို အကြောင်းအမျိုးမျိုးတွေကြောင့် မှားသည်ဖြစ်သော်လည်း ဒီငနဲလက်ရေး မကောင်းလို့ဟု ကျွန်တော့်သတင်းနှင့် ပတ်သက်လာတိုင်း ပုံပုံချခြင်းကို ခံခဲ့ရရာ၊ ကြာသော် ကျွန်တော်သည် ကိုယ့်ဘဝကိုပင် စိတ်နာတာတာ ဖြစ်လာမိပါတော့သည်။ မနာလျှင် အဘယ်မှာ ခံနိုင်ချိမ့်မည်နည်း။ ဒီလက်ရေး ဒီလက်ရေးကြောင့်ပင် ကျွန်တော့်မှာ ချစ်ရေးဆိုမှုမှာလည်း ဒုက္ခ၊ ဝမ်းရေးလုပ်မှုမှာလည်း ဒုက္ခ ဖြစ်ပြီး ဆင့်ကာဆင့်ကာ ထောင်းထုခံနေရလေရာ အဘယ်မှာ မနာဘဲ နေနိုင်ချိမ့်မည်နည်း။ လူ့ဘဝ ဇာတ်လမ်းများတွင် အနှောင့်အယှက်အဖြစ် ဗီလိန်ခေါ် လူကြမ်းသည် ပါလာတတ်မြဲ ဖြစ်၏။ ကျွန်တော့်ဘဝ ဇာတ်လမ်းတွင်ကား ဗီလိန်မှာ လူမဟုတ်ဘဲ ကိုယ်၏ လက်ရေး ဖြစ်နေပေရာ အကြောင်းကံဖန်ပုံထူးသမို့ တွေးလိုက်တိုင်း ရှူးချင်ပါတော့သည်။

ဤသို့လျှင် ဒီလက်ရေး ဒုက္ခကြီးကြောင့် ချစ်ရေးမှာလည်း မအီမလည်၊ ဝမ်းရေးမှာလည်း ကသိကအောက်တွေ ဖြစ်နေစဉ်အတွင်း တစ်သက်မမေ့နိုင်လောက်အောင် တွေးလိုက်တိုင်း မျက်ရည်ဖြာစရာအဖြစ် တစ်ခု ကြုံတွေ့ရပြန်ပါသေးသည်။ ၎င်းမှာ ကျွန်တော် ရန်ကုန်မြို့ အိုးဝေတိုက်၌ သတင်းထောက်ဖြစ်ကာ လူတွင်ကျယ်လုပ်နေပုံအကြောင်းစုံကို 'အမေ'ဝမ်းသာဖို့ အားရပါးရ ပုသိမ်နယ် တောရပ်မှ အမေ့ထံ စာရေးလိုက်ပါသည်။ သို့သော် ထိုစာအတွက် ကျွန်တော်မချိစရာ နောက်မှ သိရသည်ကား ကျွန်တော်ရေးလိုက်သောစာမှာ လက်ရေးဆိုးလွန်း၍ အမေ့မှာ သေသည့်တိုင် ထိုစာ၏အဓိပ္ပာယ်ကို သိမသွားရရှာချေတကား။

အမေသည် သားထံမှစာရလျှင် အားရဝမ်းသာဖွင့်ဖောက်၍ ဖတ်သည် ဆို၏။ သို့သော် အမေသည် စာများကိုကား မတွေ့၊ စက္ကူဖြူဖြူတွင် ကြက်ယက်ထားသလို ရှုပ်ထွေးသော ခြစ်ရာကုတ်ရာများကိုသာ တွေ့ရလေရာ "ဟဲ့ဟဲ့...ကြည့်ကြစမ်းပါဦး...ငါ့သားရေးလိုက်တာ...အင်္ဂလိပ်စာတွေလား၊ ကုလားစာတွေလား..."ဟု မေးသောဟူ၏။ ဤတွင် ဘေး

mgyoe.com

mgyoe.com


ပတ်ဝန်းကျင်မှ လူများလည်း ခေါင်းချင်းရိုက်ကုန်ကြသည်ဆို၏။ အဆုံး၌ ဘယ်သူမျှ အဖြေမပေးနိုင်၍ ထိုစာကို ရွာဦးကျောင်းမှ သံကြိုးစာလာလျှင် ဖတ်ဖတ်ပေးတတ်သော ကိုယ်တော်လေးထံ အပ်ရတော့သည်ဆို၏။ ကိုယ်တော်လေးက ကြည့်ရှုသုံးသပ်ပြီး...

ဟဲ့...ဒါဗမာလို ရေးလိုက်တာဟဲ့..."

ဤသို့ ကိုယ်တော်လေးက ဗမာစာဖြစ်ကြောင်းအဆုံးအဖြတ်ပေးနိုင်သော်လည်း ဗမာလိုဘာတွေရေးထားသည်ကိုမူ ကိုယ်တော်လေးသည် အဓိပ္ပာယ်မသိ ဖြစ်နေပြန်၏။ ဤတွင် ထိုစာမှာ ရွာတွင် ပဟေဠိစာဖြစ်နေလေတော့သည်။ အမေလည်း သား၏စာပါအကြောင်းများကို မသိ၍ပင် ခေါင်းအုံးအောက်၌ တရိုတသေ သိမ်းထားကာ သားကို လွမ်းတိုင်း ထုတ်ကြည့်နေရှာတော့သည်။ "ငါသား ဘာတွေရေးနေမှန်းမသိတာပဲ... ခပ်ကောင်းကောင်းဟဲ့... ငါ့သား ဘာတွေရေးထားပါလိမ့်လို့... တွေးကြည့်နေရတာကိုက....တယ်အရသာရှိသဟဲ့...'ဟု အမေက ပဟေဠိစာကိုကြည့်ကာ အရသာယူပြီး လွမ်းစိတ်ဖြေနေပေတော့သည်။ "ငါ့သားက...သူ့မိန်းမရပြီလို့များ ရေးလိုက်သလားပဲနော်...ရန်ကုန်ဆိုတော့ ခပ်ရှုပ်ရှုပ်တွေများလို့...ငါ့သားတော်၏ ရော်၏တွေးနဲ့များ ညားနေမလားဟယ်...ဟု အမေက စာကိုကြည့်ကာ သားအတွက် သောကတွေပိုမိပြန်သေးသည်။ သူ့ပုန်သူကန်အရေးများကြောင့် ကျွန်တော့်အမေနှင့်ကျွန်တော်မှာ ထိုစာပေးပြီးအဆက်ပြတ်နေရာ နောင်တွင် အမေသည် ထိုစာကိုပိုက်ပြီး သားကို တ,ရင်းပင် ဘဝကို စွန့်ခွာသွားရှာပြီဟု သိရသောအခါ ကျွန်တော့်မှာ တစ်သက်တွင် မမေ့နိုင်လောက်အောင် ဒါတွေကိုတွေးလိုက်မိတိုင်း မချိတရိဖြစ်ပြီး မျက်ရည်ဖြာဖြာ ကျမိပါတော့သည်။

ဒီလိုဖြစ်ရသည်မှာ ဘာ့ကြောင့်ပါနည်း၊ ဒီလက်ရေးကြောင့်ပဲဖြစ်ရသည်မို့ ကျွန်တော့်ဘဝကို အမျိုးမျိုးမွှေနှောက်နေသော ဤလက်ရေးဒုက္ခကြီးကို ကျွန်တော်သည် တစ်ခါခါတော့ ဤသို့လက်ရေးညံ့ဖျင်းဆိုးရွားနေခြင်းသည်ပင်လျှင် ဝိပါက'ဝဋ်'တစ်မျိုးလေလားဟု တွေးတောမိပါတော့သည်။ ဝဋ်ကြွေးကြောင့် ဤဒုက္ခဆိုးကြီး ဖိစီးနှိပ်စက်ခြင်း ခံနေရမည်ဆိုလျှင်လည်း ဘဝါဘဝများတွင် ကျွန်တော် ဘယ်အမှုမျိုး ကျူးလွန်ပြစ်မှားခဲ့မိ၍

mgyoe.com

mgyoe.com


ဤဝဋ်ကြွေးကိုခံနေဘိသနည်းဟု အတွေးချဲ့ကာ တစ်ခါတစ်ခါ ထင်မြင်မိပါသည်။ "ဝဋ်မှာအမြဲ ငရဲမှာအပ"ဟု မြန်မာစကားရှိ၏။ အဓိပ္ပာယ်မှာ သတ္တဝါတို့သည် ငရဲကို ရှောင်နိုင်သော်လည်း ဝဋ်ကြွေးကိုကား မြတ်ဘုရားပင်လျှင် မလွတ်ကင်းနိုင်ဟု ဆိုကြောင်း ဆရာသမားများထံမှ နာကြားဖူးပါသည်။ မြတ်စွာဘုရားသည်ဝဋ်တော်မကင်း၍ပင် ဒေဝဒတ်၏ နှိပ်စက် ကလူခဲနှင့်ထုသည်ကို ခံတော်မူရခြင်း၊ ဝက်ပျို့သားစားကာ ဝမ်းတော်လားပြီး ပရိနိဗ္ဗာန် ပြုတော်မူခြင်း စသည်တို့ ဖြစ်ခဲ့သည်ဟု ဗုဒ္ဓဝင်များတွင်ဆိုပါသည်။ ထို့ကြောင့် ဘုရားသော်မှ ဝဋ်ကြွေးကို မလွန်သာကြောင်း ထင်ရှားပါသည်။ ထိုသို့ဖြစ်သော် သတ္တဝါပါချည်ပါချဲ့တို့ကား သာ၍ ဝဋ်ဒုက္ခဆိုးမှ မကင်းနိုင်။ သို့ကလို မကင်းနိုင်သော ဝဋ်ဒုက္ခအမျိုးမျိုးအနက်မှ သာကဒိုး တွေ့ကြုံနေရသော လက်ရေးမလှသည့်ဒုက္ခသည်လည်း ဝဋ်တစ်မျိုးပေပဲလား။

ဝဋ်ဆိုတာ ဟို ဘဝါဘဝတွေက ပြုမိမှားသော အကြွေးများကို ဆိုသည်မဟုတ်လား...။ ဟိုဘဝ၌ တစ်ပါးသူ၏ ခြေကို ချိုးခဲ့လျှင် ဤဘဝ၌ ခြေချိုးခံရတတ်သည်ဆိုပါသည်။ ဆွံ့အ,သူကို လှောင်ပြောင် သရော်နှိပ်စက်လျှင် ကိုယ်ဆွံ့အ,တတ်သည်ဆိုပါသည်။ ဤသို့လျှင် ဝဋ်ဆိုတာ ထပ်တူခံရတတ်လေရာ ငါလက်ရေးမလှတာတော့ ဘယ်လိုမဟုတ် မဟတ်တွေ လုပ်ခဲ့မိလို့ ခံရတာပါလိမ့်ဟု တွေးတွေးပြီး အဖြေ မရှင်းမရှင်း ရှိတိုင်းပင် မျက်ရည်ဖြာဖြာကျမိပါတော့သည်။

ဝဋ်ကြွေးဆိုတာ ချစ်တီးကြွေးနဲ့ တော်တော်တူသားလားခင်ဗျ၊ ချစ်တီးကြွေးသည် အရင်းမဆပ်သော် အတိုးတက်တတ်သည်။ ထို့အတူ ဝဋ်ကြွေးသည်လည်း ဤဘဝတွင် ကောင်းမွန်စွာ နေထိုင်ပြီး ကျေလည်အောင် ကောင်းသောအမှု မပြုနိုင်သော် ဘဝအဆက်ဆက် သံသရာပါကာ အတိုးတက်တတ်ပါသည်။ ထို့ကြောင့် သာကဒိုး၌ ဝဋ်ကြွေးတင်ရှိနေလျှင် မြန်မြန်ကြီး ဆပ်ပစ်ချင်ပါသည်။ မြတ်ဘုရားကို ဆီမီး ပူဇော်သော် တမလွန်၌ ပညာရောင် ထွန်းပြောင်သည်ဟု ဆရာသမားတို့က မိန့်ကြားပါသည်။ အဝတ်လှူလျှင် အဝတ်ပေါကြွယ်သည်။ ဆွမ်းလှူသော် နောင်ဘဝမှာ ခါနာ၁ဝပေမည်။ ဒီလိုဆိုတော့ ဒီတော့ ကျွန်တော် တွေ့ကြုံနေရသော

mgyoe.com

mgyoe.com


လက်ရေးဒုက္ခ နောင်ဘဝ မခံရအောင် ဘာလှူပြီး ဘာလုပ်ပြီးတော့ ဆုတောင်းရမှာလဲခင်ဗျာ။ သို့ကလို နောင်ဘဝ လက်ရေးလှနည်း နိဿရည်း မကြံတတ်၍လည်း သာကဒိုးမှာ မျက်ရည်ဖြာရပြန်သည်။

ထို့ကြောင့် ဘဝါဘဝတွေမှာ လက်ရေးလှရေးအတွက် ဘယ်အမှုပြု၍ အဘယ်ဆုတောင်းရမည်ကို ကြုံကြိုက်သောအခါ ဆရာတော် သမားတော်များထံ လျှောက်ကြားမေးမြန်းကြည့်မည်ဟု ကြံရွယ်ထားမိပါတော့သည်။ ထို့ပြင် သာကဒိုး လက်ရေးမလှဖြစ်ပြီး ဒုက္ခတွေ့အောင် ဘယ်လိုဂြိုဟ်မျိုးတွေက ဇာတာခွင်တွင် ဖိစီးနေသည် ဆိုတာကိုလည်း ဗေဒင်ဟူးရားဆရာများထံတွင် စုံစမ်းကြည့်ဦးမည်ဟု ကြံရွယ်မိပါသည်။ သို့ကလို ဘဝအကြောင်းက မကောင်းခဲ့လို့လား၊ ဇာတာညံ့လို့လားမသိ၊ လက်ရေးမလှသော ဝဋ်ဒုက္ခဆိုးတစ်မျိုးကို ခံစားနေရသော်လည်း ခါနာပြတ်ကာမတ်တတ်က မလဲသေးသည်မှာ ကြိုးစားမှု ကျိုးနွံမှုကလေးရှိ၍ပင် ဖြစ်ပါသည်။ တိုက်မှ အလိုရှိသော သတင်းကို အချက်အလက် အစုံအလင်အတိအကျ ရှာဖွေထောက်လှမ်းပေးနိုင်သောကြောင့် တိုက်မှလက်ရေးဖျင်းလွန်း၍ နားရင်းအုပ်ချင်နေပေသိ လက်မလွှတ်နိုင်သဖြင့် တော်နေပါသေးသည်။ သို့သော် ဦးညိုမြက ကျွန်တော့်အတွက် စပယ်ရှယ် အမိန့်တစ်ရပ်ထုတ်ဆင့်ခဲ့ပါသည်။ ၎င်းမှာ

"ဟေ့ သာကဒိုး...မင်း နောင်ကို သတင်းရေးရင် စာလုံးဟာ မန်ကျည်းစေ့ အရွယ်ထက် မငယ်စေရဘူး။ ဒါထက်ကြီးနိုင်သမျှသာ ကြီးကြီးရေး...စာတစ်ရွက်ကို စာတစ်လုံးပဲ ရေးရေး...ငယ်တော့ မငယ်နဲ့..."

ထိုတစ်ချက်လွှတ်အမိန့်တော်အတိုင်း ကျွန်တော့်မှာ ကြိုးစားပြီးလိုက်နာကျင့်ကြံရပါသည်။ ထိုသို့ မူသစ်ဖြင့် တရကြမ်း ကြီးကြီး ရေးသောအခါ အမှားတော် သင့်သလောက် တော်လာပါသည်။ ဒါပေသိ ဒါပေသိ... သတင်းစာ၌ ကြီးနိုင်သမျှ စာလုံးကြီးကြီးရေး၍ ဟန်တန်တန်ရှိသော်လည်းရည်းစား စာကျတော့ ပုတ်လောက်ရေး၍ မဟန်ချေတကား။

မှန်ပါသည်၊ ဤသို့သာ ရည်းစားစာရေးလျှင်"ရှင်က ကျုပ်ကို...မျက်စိကန်းတယ်မှတ်လို့လား...ဒီလောက် စာလုံးကြီးကြီးတွေ ရေးရသလား"ဟု ဒေါသူပုန်ထ အုံကြွခွာပြမည် မုချဖြစ်သည်။ ထို့ပြင် စာကို

mgyoe.com

mgyoe.com

ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် ပြူးတူးပြဲတဲ စာလုံးကြီးများကြောင့် လန့်ပြီး ပုံလဲသွားမည်ပင် စိုးရပါလိမ့်မည်။ ချစ်ရေးမှာလည်း မဟန်၊ ဝမ်းရေးမှာလည်း ကသိကအောက်နှင့် လက်ရေးမလှသော ဒုက္ခအတွက် မျက်ရည်ကျ,ကျနေစဉ် ကံကောင်းလေး တစ်ချက်သည် ပြူခနဲ ဝင်လာလေပါသည်။ ၎င်းမှာ အိုးဝေတိုက်တွင် လူအပြောင်းအလဲ လုပ်ရာက သာကဒိုးမှာ တိုလီမိုလီ သတင်းထောက်အဖြစ်မှ ည အယ်ဒီတာအဖြစ် တိုးတက်ခန့်ထားခံရပြီး လစာလေး ဘာလေးပိုလာခြင်း ဖြစ်ပါသည်။ ထိုသည်မှ ဆက်စပ်၍ အချစ်ရေးမှာလည်း နိပ်တိတ်တိတ် ရှိလာလေပါသည်။ အင်း...ကံဆိုးဆိုတာ တစ်ကိုယ်တည်းမလာ၊ အပေါင်းအသင်းကလေးနဲ့ ကစော်မူးလာတတ်တယ် ဆိုသလို ယခုကံကောင်းသည်လည်း ဘယ်က တွေပေလေလွှင့်ပြီး ရောက်လာပြန်သလဲမသိ။

အချစ်ရေး၌ နိပ်တိတ်တိတ်ရှိလာပုံကား၊ လှလှသန်းအား ဂေါ်လျှောက်လွှာများ ဆက်သွင်းရာတွင် ဂေါ်လျှောက်လွှာစာရေး ဂျိုမောင်စိန်က ဈေးကိုင်နေရာက သာကဒိုး ကြီးစားမှုကြောင့် လှလှသန်းသည် သာကဒိုးလက်ရေးကို အသိအမှတ်ပြုလိုက်ခြင်း ဖြစ်ပါတော့သည်။ ဂျိုမောင်စိန်သည် ရည်းစားစာဖြင့် စီးပွားရှာပြီး သာကဒိုးအား အကျပ်ကိုင်ခဲ့၏။ သူ့လက်ရေးနှင့် ဟန်ကျသွားပြီးနောက်နိုင်ပေါက်စီးပြီး စာတစ်စောင်ရပါမည့်အရေး ခေါက်ဆွဲကြော်၍တစ်မျိုး၊ ရှိခိုး၍တစ်ဖုံ၊ နည်းစုံအောင် ခယနိုင်မှ ငတိက လုပ်ပေးတော့သည်။ ဤသို့ မတရားနည်းနှင့် စီးပွားရှာကာ အပိုင်ထုသည်ကို သာကဒိုး မခံချင်သော်လည်း ငနဲက ဇက်ကြိုးဆွဲမိနေပြီဖြစ်၍ ငြိမ်ခဲ့ရ၏။ ဤသို့လျှင် သာကဒိုးမှာ သူ့လက်ခုပ်ထဲ စက္ကူပမာ စာရေးချင်ရေး၊ အီးအီးကုန်းချင်ကုန်းအဖြစ် ရောက်နေရာက ငတိက ဆိုးသည်ထက်ဆိုးလာပါသည်။ သူ့ကလေးထံမှ စာရ၍ စာပြန်ချိန်တန်လာပြီဆိုလျှင် သူ့ကြိုက်ဈေးမရမချင်း ရှောင်ရှောင်နေတတ်လာပါသည်။ သူ ရှောင်နေလေ ဒီငနဲမျက်ဖြူ ဆိုက်လေ၊ မျက်ဖြူဆိုက်လေ၊ သူကြေးကြီးရလေဖြစ်နေရာ ကြာသော် သာကဒိုးမခံမရပ်နိုင်တော့ပြီ။ ထို့ကြောင့် သာကဒိုးသည် ကြီးစွာသော စွန့်စားမှုတစ်ရပ်ကို ပြုရပေတော့သည်။ ကျွန်ုပ်၏စွန့်စားခြင်းကား ကိုယ်၏ပြည်သူ့ အော့ကြောလန် လက်ရေးဖြင့်ပင် တစ်နာရီ ၄ လုံးသွားနှုန်းဖြင့် ကြိုးစားပမ်းစား

mgyoe.com

သီကုံးရေးသား၍ သူကလေးထံ အစီရင်ခံခြင်းပင် ဖြစ်ပါသည်။ ဤသို့ပေး သောပေးသော်လည်း ချစ်နှမကို ကိုယ့်လက်ရေးပြသည်မှာ မယ်ပပကို မင်းကုသ မျက်နှာပြမိလို့ ချောက်ကျသလို ဂြိုဟ်ကျကုန်မှာလည်း တော်တော် လန့်ရသေး၏။

"ချစ်နှမလေးရေ...ဒီလက်ရေးမြင်ရင်တော့ အံ့သြသွားမှာပဲလို့ မောင် ကြိုတွေးမိတယ်..."ဟု အစချီပြီး မောင့်မှာ ကံမကောင်း အကြောင်းမလှ၍ လက်ရေးမလှတဲ့ဘဝ ရောက်နေပုံ ဒါကြောင့်သူများ လက်ရေးအငှားနဲ့ ရည်းစားထားရပုံ၊ ဒီလက်ရေးသာလျှင် မောင့်လက်ရေး အစစ်ဖြစ်ပုံ စသည် ဖြင့် အကြောင်းစုံတွေ လှစ်ဟရေးသားပြီး အဆုံး၌ ကြွားလုံးကလေးလည်း ခင့်အကြိုက်ထည့်လိုက်ပါသည်။ ၎င်းမှာ "မောင်လေ...အခု အလုပ်တွေ ဘာတွေတိုးပြီး လခတွေလည်း တိုးလာပြီးကွယ့်၊ မောင် အယ်ဒီတာဖြစ် ပြီလေ"ဟု သူများမကြွားရ၍ ရည်းစားကို ကြိတ်ကြွားလိုက်ပါသည်။ ထို့ပြင်"အယ်ဒီတာဆိုတာ ဘယ်လောက်သြဇာကြီးသလဲ သိလား...အစိုးရ ကိုတောင် သြဇာပေးနိုင်တာကွယ့်...ဟော...ခင့်ဖေဖေ ရာထူးတက်အောင် တောင် ကိုယ်လုပ်ပေးနိုင်တယ်...ကိုယ်လုပ်ပေးမယ်နော်..."ဟုပင် ခပ်တည် တည်ထည့်ဖိန်းလိုက်ပါသည်။ ဟုတ်တာမဟုတ်တာ အပထား ကိုယ့်ရည်း စားကိုယ်ကျိတ်ကြွားတာ ဘယ်သူသိနိုင်တာလိုက်လို့ပဲ။ ရဲဘော် ဂေါ်ငနဲ အပေါင်း တို့ သတ္တိကောင်းကောင်းထားပြီး ကြွားသာကြွားကြ ဟ...။

သို့ကလို ကြွားလုံးခတ်သွား၍ သင်းကလေးကျသွားလေသလား မသိ၊ မကြာမီသော ကာလတွင် ခင့်ဆီမှ 'ဒီလက်ရေးကို အသိအမှတ်ပြုလိုက် ပါပြီရှင်...'ဟု ပြန်စာရပါတော့သည်။ သူများလက်ရေး အငှားနှင့်ရည်းစား ထားနေရသည့် ဘဝဆိုးမှ သို့ကလို လွတ်မြောက်ရေး ကြိုးပမ်းအောင်မြင် ကာ ချစ်လမ်းကသီကအောက်တွေ ဖြစ်လာပြန်တော့သည်။ တစ်နေ့ ဦးညိုမြ က ရှူးရှူးရှဲရှဲနှင့်...

"ဟေ့လူ..ဟေ့လူ...ကိုယ့်လူက မဟန်သေးပါဘူး...တော်တော် ညစ် ပတ်တဲ့လူပဲ။ ဒီလိုရေးတာ ဘာကောင်းလဲ..."

ကျွန်တော်လည်း ထိတ်လန့်ကာ...

"ဘာဖြစ်လို့လဲဆရာ...ကျွန်တော် ဘာမှားပြန်လို့လဲ..."

mgyoe.com

"ဘာရမှာလဲ၊ ဒီလိုညစ်တီးညစ်ပတ်ရေးတာ ဘာကောင်းလဲ။ သတင်းစာဂျာနယ်ကို သိပ်ထိတယ်..."ဟု ဆိုကာ ဒေါသတကြီးနှင့် သတင်းစာကို ထိုးပေးလေတော့သည်။ ကျွန်တော်ကြည့်လိုက်ရာတွင် သာကဒိုးဆောင်းပါးနေရာ မင်နီခြစ်ထားသည်ကို တွေ့လေပါသည်။ ထိုစဉ် သာကဒိုးသည် အိုးဝေဆောင်းပါးမျက်နှာတွင် နောက်တီးနောက်တောက် ဆောင်းပါးတိုများရက်ခြားလိုလိုရေးနေရာ၊ ထိုနေ့က အရာရှိဆိုးများ စာရေးမ,များကို မဟားတရား ကြံတတ်ပုံ၊ နောက်ပိုးသန်ပုံများကို ရေးပါသည်။ မင်နီခြစ်ထားသောနေရာကို ကြည့်လိုက်ရာ သာကဒိုးသည် မတ်တတ်မေ့လဲသွားမတတ် ထိတ်လန့်သွားမိပါတော့သည်။ သာကဒိုးက "ဂေါင်နဲ့ အရာရှိဆိုးများ သည် စာရေးမကလေးများအား မညှာမတာ နိုင်ပေါက်စီး၍ တရကြမ်း နောက်ပိုးသန်နေရာ"ဟု ရေးရာတွင် နောက်ပိုးနေရာ၌(ပိုး)မှာ ပစောက်နေရာ(လ) ဖြစ်နေသည်ကို ကြောက်မက်ဖွယ် တွေ့ရပါတော့သည်။ ကျွန်တော်လည်း တုန်လှုပ်စွာဖြင့်...

"အာဆရာ...ကျွန်တော် ဒီလိုညစ်တီးညစ်ပတ် ရေးတာမဟုတ်ဖူး... စာပြင်ဆရာမှားတာ၊ ကျွန်တော့်အပြစ်မဟုတ်ဘူး..."

"တော်စမ်းပါ ကိုယ့်လူရာ...သူများလွှဲချမနေပါနဲ့...ကျုပ်အတန်တန်ပြောထားသားပဲ...တရားခံဟာ ကိုယ့်လူလက်ရေးပဲ..."

ကျွန်တော် မျက်နှာသေလေးနှင့်...

"ကျွန်တော်လည်း ကြိုးစားရေးပါတယ်ဆရာ..."

"မင်း...အဲသလို ကြိုးစားတယ်ပြောရင်း သတင်းစာ ချောက်ကျပေါင်းလည်း များလှပြီ...ကိုယ့်လူရယ်...ဒီလောက်တောင် လက်ရေးဆိုးလှတာ ကလောင်ကို စွန့်ပြီး ကူလီထမ်းစားဖို့ ကောင်းနေပြီ..."

ကလောင်စွန့်ဖို့ကောင်းပေပြီ...ကလောင်စွန့်ဖို့ ကောင်းပေပြီ...။ ကျွန်တော်၏ ဝမ်းနည်းစိတ်များသည် ရင်ထဲမှ လှိုက်၍လှိုက်၍တက်လာမိပါတော့သည်။ ကျွန်တော်သည် ကလောင်ကို ချစ်၍ စာပေလုပ်ငန်း၊ သတင်းစာလုပ်ငန်းကို မြတ်နိုးသူဖြစ်ကြောင်း အထူးဆိုနေဖွယ်မလိုတော့ပါ။ ယခုသော် ဘယ်ကြမ္မာငင်၍ ဘယ်ဝဋ်တင်လာလေသလဲမသိ။ ကျွန်တော် ချစ်သောကလောင်ကို စွန့်ဖို့ပင် ပြောခံရပြီတကားဟု ကျွန်တော်

mgyoe.com

mgyoe.com

မျက်ရည်များပင် လည်မိပါတော့သည်။ ကျွန်တော် ဤဝတ္ထုကိုရေးသားရသည်မှာ လက်အင်မတန်လေးလှပါသည်။ ဝတ္ထုကို ဝတ္ထုမည်ကာမတ္တမဟုတ်ဘဲ ကလောင်သမားတစ်ယောက်အဖြစ်ဖြင့် တွေ့ကြုံခံစားရသော ဒုက္ခတစ်ရပ် ကို စီကာစဉ်ကာ ဖွင့်ဟ,ထုတ်ဖော်နေသည်ဖြစ်ရာ ကျွန်တော် ကြုံတွေ့၍ ခံစားခဲ့ရသော ဒုက္ခ–သုက္ခတွေအသစ် အသစ် ပြန်ပေါ်လာပြီး စိတ်ထိခိုက် လှသဖြင့် ရေးရ လက်လေးခြင်း ဖြစ်ပါတော့သည်။ အမှန်ကိုဆိုရသော် ဦးညိုမြ ဤသို့ပြောသည်ကို အပြစ်မဆိုသာပါ။ ကိုယ့်ကို ဒုက္ခပေးနေသူမှာ ကိုယ်ပင် မဟုတ်ပါလား။ ဦးညိုမြဆူသော ထိုနေ့ ဆောင်းပါးတစ်နေရာတွင်ပင် ဆိုးရွားသော အမှားတစ်ခုကို ကော်ပီပြန်ယူ ကြည့်ရင်းတွေ့ရပါသေးသည်။ ထိုအမှားကို ဦးညိုမြ မတွေ့၍ တော်ပါသေးသည်။ ထိုအမှားမှာ ကျွန်တော့်အမှားသက်သက်ပင် ဖြစ်ပါသည်။

ၤင်းမှာ ဆောင်းပါး၌ ကျွန်တော်က "ဤသို့စာရေးမများပြုကျင့်ခံနေရသည်ကို စာရေးလူထုက ကြည့်မနေသင့်ပေ" ဟု ရေးသားရာတွင် လူထုနေရာ၌ (လူ)မှာ ချောင်းငင်နှစ်ခု လျှမ်းသွားပြီး၊ အားလုံးပဲ ကန်တော့ပါရဲ့ (လထု က ကြည့်မနေသင့်ပေ)ဟု ဖြစ်နေခြင်းပင် ဖြစ်ပါသည်။

စင်စစ် ထိုအမှားသည် ကျွန်တော် မတော်တဆ လျှမ်းသွားသော အမှားဖြစ်၍ စာပြင်ဆရာပြင်ဆင်သင့်သော်လည်း စာပြင်ငနဲက ချောက်ချကာ တမင် မူလအတိုင်း ထည့်လိုက်ခြင်း ဖြစ်ပါသည်။ စာပြင်ငနဲက ကျွန်တော့်ကော်ပီများကို ပင်ပန်းတကြီး ပြင်ရလွန်း၍ ရှောက်မြင်ကပ်နေရာ ထိုသို့ ချောက်ချပေါင်းလည်း များပြီဖြစ်ပါသည်။ တစ်ကြိမ်က စာပြင်ဆရာ ချလိုက်သော ချောက်ကား အတော်နက်နဲသော ချောက်ကြီးဖြစ်ပါသည်။ ယခုတိုင် တွေးလိုက်တိုင်း အသည်းယားစရာကြီး ဖြစ်ပါသည်။ ထိုအမှားမှာ တစ်ဦးတစ်ယောက်တည်းနှင့်ပတ်သက်လျှင်ကား တော်ပါသေးသည်။ ယခုသော် နိုင်ငံရေးပါတီကြီးတစ်ခုလုံးကို အုပ်ထည့်သလိုဖြစ်နေရာ တွေးမိတိုင်း ကြက်သီးထစရာလည်း ဖြစ်ပါသည်။ နိုင်ငံရေးပါတီမှ တကယ့်ထိပ်သီး ဆိုရှယ်လစ်ပါတီကြီးကို နားရင်းအုပ်လိုက်သလို ဖြစ်သွားလို့ သာပြီး ဆိုးတာပေါ့ဗျ...။

ဒီလိုခင်ဗျ...သတင်းစာ အယ်ဒီတာ့တာဝန်ဆိုတာ နယ်အရပ်ရပ်က

mgyoe.com

mgyoe.com

သတင်း၊ အစိုးရသတင်း၊ ရန်ကုန် နိုင်ငံရေးသတင်း၊ ရာဇဝတ်သတင်း , အထွေထွေသတင်းတွေကို တည်းဖြတ် မွမ်းမံပြင်ဆင်ကာ သတင်းတန်ဖိုး ကြည့်ပြီး နေရာချစရာ ရှိတာတွေချ၊ ခေါင်းစဉ်တွေတပ် လုပ်ရတယ်မဟုတ် လား။ အဲ...အဲဒီနေ့ညက သတင်းတွေထဲမှာ ဆိုရှယ်လစ်ပါတီထုတ်ပြန်ချက် တစ်ရပ် ပါလာပါလေရော အကြောင်းကတော့ ဆိုရှယ်လစ်ပါတီကွဲမလိုလို ကောလာဟလဖြစ်နေသည်မှာ မဟုတ်ရကြောင်း ရှင်းလင်း ကြေညာခြင်း ဖြစ်ပါသည်။ ထိုကြေညာချက်ကို သာကဒိုးက (ဆိုရှယ်လစ်ပါတီကျန်းမာ စွာ ရှိပါ၏) လို့ ခေါင်းစဉ်ကြီးကြီးတပ်ကာ တည်းဖြတ်၍ နေရာကောင်း ကောင်းက ထင်ထင်ရှားရှား ထည့်လိုက်ပါသည်။ နောက်တစ်နေ့တွင် သတင်းစာ၌ တွေ့ရသည်ကား ထိုခေါင်းစဉ်အတိုင်းမဟုတ်မူ၍ သတင်းစာ လောကကြီး တစ်ရပ်လုံးနှင့် ဆိုရှယ်လစ်ပါတီတစ်ခုလုံး တုန်လှုပ်ချောက်ချား သွားလောက်အောင် ဆိုးရွား ပြင်းထန်လှပါတော့သည်။ ယခု ထိုအကြောင်း ပြန်ရေးသည်ပင် နှလုံးတုန်လှပါသည်။

သို့သော် ရေးလက်စနှင့်ဖြစ်ပုံသနစ်စုံကိုဖြစ်ခဲ့သော မူအတိုင်း ရေး ပြလိုပါသည်။ ဒီလိုရေးရာ၌ ညစ်ပတ်သည်ဟုလည်း အပြစ်တော်မတင်ကြ ပါရန် ကြိုတောင်းပန်ချင်ပါသည်။ ဘယ့်ကြောင့်ဆိုသော် အကြောင်းက တယ်မကောင်းဘူးဗျာ။ ကျွန်တော်က စေတနာ မေတ္တာထားပြီး ဇရာမ ခေါင်းစဉ် စာလုံးကြီးများနှင့် (ဆိုရှယ်လစ်ပါတီကျန်းမာစွာရှိပါ၏) ခေါင်းစဉ် တပ်ရာတွင် (လစ်)နေရာ၌ စသတ်(စ်)မှာ အသတ်ဖြစ်မနေဘဲ လုံးကြီးတင် ဖြစ်ကာ အားလုံးကန်တော့ပါဗျာ(ဆိုရှယ်လစိပါတီ)ဖြစ်နေသောကြောင့်ပင် ဖြစ်ပါသတည်း။

သို့ကလို ခေါင်းစဉ်ကြီးတစ်ခုလုံး သွက်သွက်လည်အောင် ရှောက် ကျိုးနည်းသွားခြင်းအတွက် တစ်တိုက်လုံး မျက်လုံး ဝိုင်းသွားခဲ့ပါသည်။ သို့ရာတွင် သတင်းစာတို့ စာလုံးမှားယွင်းတတ်ပုံကို ဆိုရှယ်လစ်ပါတီက နားလည်မှုရှိပြီ။ လုံးဝဘာမျှ မပြောဘဲနေ၍ တော်ပါသေးသည်။ သဘော ထားကြီးကြ၍ တော်ပါသေးသည်။ ထိုအမှားတော်ပုံကြီးမှာ သာကဒိုးလက် ရေးကိုက စ,သတ်နှင့်လုံးကြီးတင် မရှင်းရာက စာပြင်ဆရာ ချောက်ချလိုက် သော အမှားကြီးပင်ဖြစ်ပါသည်။ ထိုအမှားကြီးအတွက် သာကဒိုး ပြင်းထန်

mgyoe.com

mgyoe.com

စွာ ဝိုင်းကြိမ်းခံရသော်လည်း စာပြင်ဆရာခများလည်း ထိုနေ့က မသက်သာပါ။ အဘယ်ကြောင့်ဆိုသော် ထိုနေ့တွင်ပင် သာကဒိုးက စာပြင်ဆရာ၏ အမှားကြီးတစ်ရပ်ကို တပင်တပန်း မှန်ဘီလူးဖြင့် ရှာဖွေကာ တင်ပြလိုက်၍ ငွေ ၅ ကျပ်ဒဏ်ထိသွားသောကြောင့်ပင် ဖြစ်ပါသည်။ စာပြင်ဆရာ၏ အမှားမှာ သာကဒိုးအမှားကြီးထက်ပင် ကြောက်မက်ဖွယ်ကောင်းလျက် အစိုးရ တစ်ဖွဲ့လုံး ချောက်ချားသွားလောက်အောင် ဆိုးရွားလှပါတော့သည်။ မသေ လို့တွေ့ရ၊ မေ့နိုင်ပါ့မလား ဆိုလောက်သော အမှားမျိုးလည်း ဖြစ်ပါသည်။

ထိုနေ့သတင်းစာတွင် အစိုးရသတင်းတစ်ခုကို ဓာတ်ပုံများနှင့် ဝေဝေဆာဆာ ဖော်ပြထားပါသည်။ ၎င်းမှာ လုပ်ငန်းတစ်ခုကို ဝန်ကြီးတစ်ဦးက ဦးစီးခေါင်းဆောင်လုပ်ကိုင်ရာတွင် အောင်မြင်ပုံများကို တခမ်းတနား ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။ လုပ်ငန်းများအောင်မြင်သွားပုံကို ဓာတ်ပုံများနှင့် ဖော်ပြရာ၌ လုပ်ငန်းအစမှ အပြီးအထိ အသားပေးထည့်သွင်းကာ တစ်နေရာ၌မူ လုပ်ငန်းများ အောင်မြင်၍ ပြုံးပြုံး ပြုံးပြုံးနှင့် သဘောကျနေသော ဝန်ကြီးဟု အားရပါးရ ပြုံးနေသော ဝန်ကြီးဓာတ်ပုံလည်း ပါရှိပါသည်။ ထိုဝန်ကြီး၏ ဓာတ်ပုံက ဂြိုဟ်ကျသွားခြင်းပင် ဖြစ်ပါတော့သည်။ ၎င်းမှာ (ပြုံးပြုံး ပြုံးပြုံးနှင့် သဘောကျနေသောဝန်ကြီးပုံ)ဟု ဓာတ်ပုံအောက်မှ ရေးသားရာတွင်(သဘော)နေရာ၌(သ) ပြုတ်၍ ကျန်ရစ်ပြီး ရာဇဝတ်အိုး တုတ်နှင့်ထိုးမိခြင်း ဖြစ်ပါသတည်း။

အားရ–ပါးရစတိုင်နှင့် ပြုံးပြနေသော ဝန်ကြီးရုပ်ခများနှင့် ထိုဓာတ်ပုံစာမှာ ဘယ်မျှ တုန်လှုပ်ထိတ်လန့်ဖွယ်ကောင်းနေသည်ကို စာရှုသူတို့သာ စဉ်းစားကြည့်ပါတော့။ ထိုနေ့အဖို့ ဝန်ကြီးရုံးမတက်ဟု သိရပါသည်။

အထက်ဖော်ပြပါကိစ္စများအတွက် တိုက်တွင် ဆူဆူပူပူတွေ ဖြစ်နေစဉ်အတွင်းတွင်ပင် မှတ်မှတ်ရရ သာကဒိုး လက်ချက်ကြောင့် သမားတော်ကြီးတစ်ဦး ချောက်ကျသွားသည်ကိုလည်း ပြန်လည်အမှတ်ရမိပါသေးသည်။ ထိုနေ့က တိုက်တွင် ဆဲသံ ဆိုသံတွေသောသောညံနေစဉ် သာကဒိုး အား ဆေးဝါးများ၊ အလင်္ကာ ကုသပေးနေသော ကိုင်းတန်းမှ အဆုတ်နာဝိဇ္ဇာသမားတော်ကြီး ဦးကျန် ရုတ်တရက် ပေါက်လာကာ...

mgyoe.com

"ဟော့...မောင်သာကဒိုး...ငါ့ကိုဆေးညွှန်းလေး တစ်ခုဖတ်ကောင်းအောင် ရေးပေးစမ်းကွယ်...ငါလိုချင်တာကို ပြောပြမယ်..."

ကျွန်တော်က ခေါင်းခါပြီး...

"အာ...ဆရာကြီးမဖြစ်ဘူး။ ကျွန်တော့်လက်ရေးလက်သားက သိပ်ညံ့တာ...အပြင် ပုံနှိပ်တိုက်တွေက ကျွန်တော်ရေးတာ ဖတ်တတ်မယ်...မဟုတ်ဘူး..."

"အိုကွယ် ရပါတယ်...စာစီတွေက ဘယ်လောက်ဆိုးဆိုး ဖတ်နိုင်ကြတာကပဲ..."

ဆရာကြီး ကျွန်တော်ပြောတာ မယုံဘူးလား...အိုးဝေကလွဲရင် ဘယ်စာစီမှဖတ်တတ်မှာ မဟုတ်ဘူး... အိုးဝေက ငနဲတွေတောင်...ဖြစ်ဖြစ်ညှစ်ညှစ်မနည်းစီနေရတာခင်ဗျ..."

"အိုကွယ်...အိုးဝေကလူတွေ စီလို့ရရင်...ဘယ်တိုက်ဖြစ်ဖြစ် စီရပါတယ်...ရေးသာရေးပါ...မင်းက စာစီစာကုံးဖြောင့်လို့ ရေးခိုင်းနေတာဟ...ခေတ်အကြိုက်ကို မင်းတို့ကသိတာ၊ ရေးသာရေးပါကွာ..."

အတန်တန် ငြင်းဆန်၍မရသည့်အဆုံး ကျွန်တော်လည်း မနေသာတော့ဘဲ ဖြစ်ချင်ရာဖြစ် သဘောဖြင့် ရေးပေးရလေရာ ကျွန်တော်ထင်သည့်အတိုင်းပင် ဆရာကြီးခမျာ သွက်သွက်လည် ချောက်ကျပါတော့သည်။ ဆရာကြီး၏ ဆေးညွှန်းမှာ အဆုတ်နာရောဂါပိုးချဝမ်းသန့်ဆေးအတွက်ဖြစ်ရာ တစ်ခါစားဖြင့် ဘယ်မျှ အကျိုးရှိသည်၊ နှစ်ခါစားဖြင့် ဘယ်မျှအကျိုးရှိသည် စသည်တို့ကို ဆရာကြီးပြောပြသည့်အတိုင်း ကျွန်တော်က စီကာစဉ်ကာ ခေတ်မီမီ ရေးသားပေးလိုက်၏။ ထိုဆေးညွှန်းပုံနှိပ်ပြီး၍ ရောက်လာသောအခါ ဆရာကြီးရော ကျွန်တော်ပါ အလန့်တကြား ထ, ခုန်မိကြပါတော့သည်။ သာကဒိုးအားကိုးလို့မှ ဆရာကြီး ချောက်မကျရင် ဘာမို့လဲဗျာ...။

ဖြစ်ရပုံကား ဤဆေးကြီး အလွန်ကြီးကျယ် အစွမ်းထက်ပုံကို ရာဇဝင်ချီ၍ တခမ်းတနား ရေးသားပြီးနောက် အရေးကြီးသော ဆေးစားနည်းစာပိုဒ်တွင် 'ဤထူးမြတ်သော ဆေးကြီးကို ကွမ်းသီးလုံးမျှတစ်ခါစားရုံမျှနှင့်...'ဟု ရေးသားလိုက်ရာ၌ ပါရှိလာသည်။ ကား၊ ကွမ်းသီးလုံးမျှအစား 'ထန်းသီးလုံးမျှတစ်ခါစားရုံမျှနှင့်'ဟု ဖြစ်နေကာ ဆေးစားမည့်

mgyoe.com

လူနာအညွှန်းဖတ်ရုံဖြင့် လန့်ပြီး ပွဲချင်းပြီး ကိစ္စတုံး စရာဖြစ်နေပါတော့သည်။ ဆရာကြီးလည်း တက်တခေါက်ခေါက်နှင့်...

"ဖြစ်မှဖြစ်ရလေကွာ...ဖြစ်မှဖြစ်ရလေကွာ...ထန်းသီးနဲ့ ကွမ်းသီးများ အကွာကြီးကွာပါ့ကွာ...မသကာဆိုဘဲ ဥနဲ့ကွမ်းသီးနဲ့လောက်လွဲရင် တော်သေးတယ်...နောက်...ဒီဆေးညွှန်းလူတွေ ဖတ်မိရင်...လန့်သေလို့ ငါတော့...ပါဏာတိပါတကံ ထိုက်ကုန်တော့မှာပဲ..."။

"အာ...ဆရာကြီး...ပါဏာတိပါတကံ ထိုက်ရုံဆို တော်သေးတာပေါ့...၊ ဆေးညွှန်းကြောင့် လူနာကြောက်ပြီး သေရပါတယ်ဆိုပြီးတော့...လူသတ်မှုနဲ့တောင် အဖမ်းခံရမယ့်ကိစ္စကြီး ဆရာကြီးရဲ့...။ ဒီလူတွေ ဘယ်လို လုပ်တာပါလိမ့်...ဆရာကြီး...ပုံနှိပ်တိုက်သွားမေးရအောင်..."

ဆရာကြီးလည်း တစ်သက်လုံး နာမည်ကောင်းလာခဲ့သမျှ ကျွန်တော်နှင့် ပေါင်းခါမှ ထောင်ကျမည့်ကိန်းမျိုးဆိုက်နေရာ၊ တက်,တခေါက်ခေါက်နှင့် စာပုံနှိပ်စက်သို့ လိုက်လာပါသည်။ ပုံနှိပ်စက်တွင် ဆရာကြီးက ကြိမ်းဝါးရာ ပုံနှိပ်စက်မန်နေဂျာက...

"ဆရာကြီး...ဒါရေးတဲ့ လူအမှားပါ...သူ့စာကို ပြန်ကြည့်ပါလား...သူမှားလို့...ကျွန်တော်တို့က စေတနာနဲ့ ပြင်လိုက်တာပါ...သူ့စာမှာ...ကွမ်းသီးကို(မ,သတ်)နဲ့ မကွမ်းဘဲ၊ (န,သတ်)နဲ့ ကွန်းထားပါတယ်..ဒီတော့ (န)သတ်နဲ့ဆိုရင်...ကွမ်းသီးတော့ မဖြစ်တန်ဘူး...(ကွန်း)နဲ့(ထန်း)မှားနေတယ်ထင်ပြီး...ထန်းသီးလုပ်လိုက်တာပါဆရာကြီး..."ဟု ပညာရှိလေသံမျိုးဖြင့် ရှင်းလင်းလေတော့သည်။ အမှန်ဆိုသော် ကွမ်းသီးကို (န)နဲ့ ကွန်းစေ၊ (မ)နဲ့ကွမ်းစေ၊ ကျွန်တော်တို့ ကလောင်သမားများသည် ဂရုမပြုတတ်ကြပါ။ သတ်ပုံကို ဂရုမထားဘဲ၊ စိတ်ပါလျှင် ပါသလို တရကြမ်းရေးချတတ်ရာက ဖြစ်ပေါ်လာသော ပြဿနာပင် ဖြစ်ပါတော့သည်။ ဆရာကြီးကား တက်,တခေါက်ခေါက်...။

ကျွန်တော့် လက်ရေးပြဿနာကြောင့် ဆရာကြီးခမျာ ဆေးညွှန်းစာရွက် ၃ ထောင်ကို ပစ်လိုက်ရရှာပါတော့သည်။ ထိုစာရွက်များကို ပိဿာချိန်နှင့်လည်း ရောင်း၍မဖြစ်ပါ။ သို့ရောင်းလိုက်၍ ဖတ်ကြည့်မိသူများရှိက ဆရာကြီးဆေးတစ်ခါတည်း နာမည်ပျက်သွားမည်ဖြစ်သဖြင့်၊ ဆေးညွှန်း

mgyoe.com

mgyoe.com


များကို မီးသဂြိုဟ်ပစ်လိုက်ရသည်အထိ၊ ကျွန်တော့်လက်ရေးဂြိုဟ်မွှေသွားလေပါသည်။ ကျွန်တော်လည်း ဆရာကြီးအတွက် ထိုကိစ္စတွေးမိတိုင်း စိတ်မကောင်းစရာကြီး ဖြစ်ရပါသည်။

ဆိုရှယ်လစ်ပါတီအမှားကိစ္စနှင့် ဝန်ကြီး၏ဓာတ်ပုံစာအမှားကိစ္စကြီးနှစ်ရပ်ဖြစ်ပွားသည့်နောက် ဦးညိုမြသည် သူ၏သတင်းစာတိုက် ရှေ့ရေးအတွက် အများကြီးစဉ်းစားနေရပုံရပါသည်။ ဘယ့်ကြောင့်ဆိုသော် ဦးညိုမြသည် ထိုကိစ္စများဖြစ်ပွားပြီးသည့်နောက် နမလင်ယူ ရည်းစားလူလုခံရသူပမာ ထမင်းမစားနိုင်၊ ဟင်းမစားနိုင်နှင့် တမှိုင်မှိုင်တထွေထွေဖြစ်နေသောကြောင့်ပင် ဖြစ်ပါတော့သည်။ ကျွန်တော်လည်း ကျွန်တော့်အတွက်ဆရာစိတ်မကောင်းဖြစ်နေသည် မြင်ရ၍ ကျွန်တော်လည်း စိတ်မကောင်းနိုင်ပါ။ သူ့ခမျာ ကျွန်တော့်ကြောင့် ရှိစုမဲ့စု ချမ်းသာသမျှ ဂုဏ်ကျက်သရေတွေတကက်တက်ပြောင်ရရှာပြီတကား။ ထို့ပြင် ဗမာပြည် ဇရာမ နိုင်ငံရေး ပါတီကြီးရော အစိုးရအဖွဲ့ကြီးကို ပါထိခိုက်ရသော အမှားကြီးများကို ကျူးလွန်မိနေရာ ဗမာပြည်၌ ထို့ထက်ကြီး၍ စော်ကားစရာ မကျန်အောင်ပင် ကမ်းကုန်နေပြီဖြစ်ရာ သူ၏ရှေ့ရေးရော သတင်းစာတိုက်ကြီး၏ ရှေ့ရေးပါတွေးလိုက်တိုင်း ရင်လေးစရာဖြစ်နေသည် မဟုတ်ပါလား။

ထိုစဉ်က ဦးညိုမြသည် ကျွန်တော့်အား တတ်နိုင်လျှင် သံတူလေးနှင့် အရိုးကြေ အရေပြားအောင် ညက်ညက်ပါအောင်ထု၊ ထိုနောက်ဆားနယ်၊ နေလှမ်းအိုးကလေးတစ်လုံးတွင် ထည့်ကာ ဖနောင့်နှင့် ပေါက်၍ဘင်္ဂလားအော်ပင်လယ်ကြော မျှောချင်နေလိမ့်မည်ဟု ကျွန်တော် ထင်မိပါတော့သည်။ တမှိုင်မှိုင်တတွေတွေဖြစ်နေသည်မှာ ကျွန်တော့်ကို ဘယ်လိုစီမံပစ်ရမည်ကို အကြီးအကျယ် အကြံထုတ်နေသည်ဟုပင် ထင်မိပါတော့သည်။ ထို့ကြောင့် ကျွန်တော်လည်း ဆရာ့ကို နှစ်သိမ့်စေသောအားဖြင့်...

"ဆရာရယ်...မှိုင်မှိုင်မနေပါနဲ့...ဆရာ့မြင်ရတာ ကျွန်တော် နည်းနည်းမှ စိတ်မကောင်းဘူး...ဆရာရယ်၊ မမှားသောရှေ့နေ၊ မသေသော ဆေးသမားဆိုသလို မှားတော့ မှားမိတာပေါ့...။ နောင်ကို မမှားရအောင် ကျွန်တော်...ကျွန်တော်..."စကားမဆုံးမီ ဦးညိုမြသည် ထ,ခုန်ပြီး...

"ဟေ့ကောင်...တော်တော်...မင်းကိုငါဖိညှစ်သတ်မိလိမ့်မယ်...၊

mgyoe.com


မင့်အသံကြားရင်ကို ငါ အသက်တိုလိမ့်မယ်...ငါ့ × × မမှားသောရှေ့နေ မသေသော ဆေးသမားလားကွ...။ မင်းမှားသလိုသာ ရှေ့နေတွေ၊ ဆေးဆရာတွေ မှားရရင် သင်္ချိုင်းရော၊ ထောင်ရော လူဆံ့တော့မှာ မဟုတ်ဘူး... တော်ကွာ..."

အလွန်အေးသော ဦးညိုမြ ထိုမျှဒေါသကြီးသည်ကို ကျွန်တော် ဒီတစ်ခါသာ မြင်ဖူးပါသည်။ စင်စစ် ဦးညိုမြ အပြစ်လားဆိုတော့...သူ့အပြစ်လားဆိုတော့...ကျွန်တော်သည် တွေးမိတိုင်း မျက်ရည်တွေသာ တဖြန်းဖြန်း ကျမိပါတော့သည်။ အမှန်သော် ဦးညိုမြသည် စိတ်ညစ်ခံနေစရာမလိုပါ။ ဂြိုဟ်ကောင် ကျွန်တော့်ကို အလုပ်မှ ထုတ်ပယ်ပစ်လိုက်လျှင် အိုးဝေတိုက်ကြီး လုံးဝ ငြိမ်းချမ်းရေးရမည်မှာ သေချာပါသည်။ သို့သော် လူတစ်ဖက်သားကို ညှာတာစိတ်ထားတတ်သော ဦးညိုမြက ကိုယ့်လူထွက်တော့ဟေ့... ဟု မပြောရက်ရှာပါ။ ကျွန်တော်ကလည်း ဤတိုက်မှ ကိုယ့်သိက္ခာကိုယ်ရှိသေကာ ထွက်လိုက်ဖို့ကောင်း၏။ သို့သော် ဤလို ကျွန်တော့်ဒဏ်ကို ကြိတ်မှိတ်ခံနိုင်သော တိုက်မျိုး ဤကမ္ဘာတွင်သာမဟုတ်၊ ဤစကြဝဠာတစ်ခွင်တွင် တွေ့နိုင်မည်မဟုတ်၊ ကုတ်နဲ့ကော်ထုတ်၊ ရိုက်ထုတ်၊ သံကြိုးနဲ့ခတ်ပြီး ဆင်နဲ့ဆွဲထုတ်၊ ဘယ်လိုနည်းနဲ့ပဲ ထုတ်ထုတ်၊ မျှော့တွယ်သလို တွယ်နေမည်သာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဤပြဿနာမှာ ရှင်းရှင်းနဲ့ ရှုပ်ပြီး ကာယိက ဒုက္ခ–စေသိကာ ဒုက္ခတွေ ပွေနေခြင်းဖြစ်တော့သည်။ ကျွန်တော်လည်း ဆရာ စိတ်ချမ်းသာအောင် တစ်နည်း ဖန်ဦးမှ ဖြစ်တော့မည်ဟု တွေး၍...

"ဆရာရယ်...စိတ်မညစ်ပါနဲ့...ကျွန်တော့်ကြောင့် ဆရာနဲ့တကွ အိုးဝေတိုက်ရဲ့ ဂုဏ်ကျက်သရေတွေ ယုတ်ကုန်ပြီဆိုတာ ကျွန်တော် သိပါတယ်။ နောင်ကို ကျွန်တော်မမှားစေရဘူးလို့ ပြောရင် ဆရာလည်း ယုံမှာ မဟုတ်တဲ့အတွက်...နောင်မှားရင် ကျွန်တော့်လစာငွေကို ဖြတ်တောက်ပြီး ဒဏ်တပ်ပါတော့လို့...ကျွန်တော် ပြောလိုပါတယ်ဆရာရယ်...၊ အမှားကြီးရင် ကြီးသလို...တစ်ခါမှား ငါးကျပ်ကနေ ပြီး...ဆယ့်ငါးကျပ်အထိ ဒဏ်တပ်ပါတော့ဆရာရယ်..."ဟု အနူးအညွတ် တောင်းပန်ပြောဆိုရပါတော့သည်။ စိတ်မသက်မသာ ဖြစ်နေသော ဦးညိုမြလည်း ခေတ္တမျှတွေ

mgyoe.com

mgyoe.com


စဉ်းစားပြီးနောက်...

"အေး...ကောင်းတယ်...ကောင်းပေတယ်...မင့်စကားသာ မင်းမမေ့နဲ့...ကောင်းတယ်..."ဟု မိန့်ကြားလေပါသည်။ ဦးညိုမြကြ ကောင်းမှာပေါ့ဗျာ၊ သူလည်း ပညာရှိ လူပါးကြီးပဲ၊ ဒီလောက် လက်ရေးဆိုးပြီး အမှားများတတ်တဲ့ကောင် ဒဏ်ငွေကြောင့် တိုက်က လစာမပေးရတော့မယ့် အပြင်ငနဲကပင် အပြင်မှာ ငွေရှာစိုက်ရဦးမည်မှာ မုချသေချာသည်ဟု ကျိန်းသေနား လည်ပြီးပေကိုး။ ဒီတော့ တိုက်က လစာပေးရသော ငွေသက်သာသွားရုံမက အပိုပင် အမြတ်ထွက်နိုင်မယ်ဆိုတော့ ကျွန်တော့်အစီရင်ခံချက်ကို ပညာရှိ လူပါးကြီး ကြိုက်ပေမပေါ့။

ထို့နောက် အတွေးသမား အငေးသမားကြီး ဖြစ်ကာ၊ မှိုင်ပုံတော်ချနေသော ဦးညိုမြသည် ပြန်လည် ကျန်းမာပျော်ရွှင်လာသည်ကို တွေ့ရပါလေသည်။ ကျွန်တော်လည်း ကိုယ့်စကားနဲ့အညီ ဒဏ်ထိတော့မည်ဖြစ်၍ မန်ကျည်းစေ့၊ ဒူးရင်းစေ့ကြီးများတမျှ ကြီးမားစွာရေးသားထားသော ကိုယ့်ဆောင်းပါးသတင်းကော်ပီများ၊ သတင်းခေါင်းစဉ်များ၊ ဓာတ်ပုံစာများ စသည်တို့ကို ပထမ အထပ်ထပ် မှန်ဘီလူးနှင့်ကြည့်၍ အမှားရှာ၊ ထို့နောက် ဒုတိယအဆင့် စာစီပြီးသမျှကို မှန်ဘီလူးနှင့်ပင် အကြိမ်ကြိမ်ပရုပြင်၊ တတိယအဆင့်လည်း စက်တင်မယ့်ဆဲဆဲ၊ မှန်ဘီလူးကြီး အားကိုး၍ပင် အဖန်ဖန်ကြည့်ရှုစစ်ဆေးရပါသည်။ သို့ကလို ကြည့်ပြီး နောက်တစ်နေ့ သတင်းစာထွက်လာသောအခါ ဦးညိုမြက တိုက်စရိတ် သက်သာအောင် စေတနာထား၍ မှန်ဘီလူးကြီးတကားကားနဲ့ အမှားရှာလေပါသည်။ အဲဒီလို ကျွန်တော်အကြိမ်ကြိမ် အထပ်ထပ်အဖန်ဖန် ကြိုးစားတာတောင်မှ ကျွန်တော့်လခဟာ အပြည့်ရတယ်ပဲရှိပါဘူး။

တောက်...တွေးလိုက်တိုင်း မျက်ရည်ကျသဗျ။ ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော့်ဘဝအကျိုးပေးမကောင်းသမို့ လက်ရေးဆိုးပြီး ခံစားရတဲ့ ဒုက္ခဝေဒနာတွေ၊ စိတ်၏နာကျင်မှု–ကိုယ်၏နာကျင်မှု ဒုက္ခသစ္စာတွေကို တတ်နိုင်သမျှ သရုပ်ဖော် ဟာစ်ဟခဲ့ရာ၌ အချို့အချို့သော စာရှုပရိသတ်တို့က ပိုလွန်းလှတယ်၊ သည်းလွန်းကဲလွန်းလှတယ်၊ လုပ်ကြံရေးတယ်ဟု ထင်ကောင်းထင်ကြပါလိမ့်မည်။ ဒါကို ကျွန်တော်က မယုံကြပါရင် ဦးညိုမြ

mgyoe.com

mgyoe.com

သာ မေးကြည့်ကြပါတော့ဟုပဲ ပြောချင်ပါတော့သည်။ ကျွန်တော့်ဆရာ ဦးညိုမြဟာ မသေသေးပါ။ ယနေ့အိုးဝေတိုက်သို့ သွားကြည့်လျှင် မှုန်ဝေဝေ မျက်နှာကြီးနှင့် ဦးညိုမြအား ငုတ်တုတ်ကြီးငိုင်နေသည်ကို (အဲလေ)ထိုင်နေ သည်ကို တွေ့မြင်နိုင်ကြပါသည်။ ထို့ပြင် ဆရာဇဝနအားလည်း အရက် တိုက်၍ မေးကြည့်နိုင်ကြပါသည်။ ဒီကောင် သက်သေထူတာကလည်း လူကောင်းချည်းပဲဆိုလည်း တတ်နိုင်ဘူးပ။

ဦးညိုမြက တိုက်စရိတ်သက်သာအောင် ကြိုးစားပမ်းစား စေတနာ ထား၍ မှန်ဘီလူးကြီးနှင့် အမှားရှာနေစဉ် ကျွန်တော်လည်း အမှားတွေက ဆင်ခြေပေးနိုင်အောင် မနက်တိုင်း သတင်းစာကို မှန်ဘီလူးအားကိုး၍ ကိုယ့် ဘာသာ အမှားရှာရပါသည်။ ထိုသို့ အားကြိုးမာန်တက် အမှားရှာနေစဉ် တစ်နေ့ကျွန်တော့်မှန်ဘီလူးအောက်၌ မယုံကြည်နိုင်စရာ ကြော်ငြာ တစ်ခု သည် ထင်းခနဲ ဘွင်းခနဲ ပေါ်လာပါတော့သည်။ မယုံနိုင်သမှ ဘယ်နည်းနှင့် မျှမယုံနိုင်စရာပါ။ ထို့ကြော်ငြာတွေ့သောအခါ ကျွန်တော်သည် စိတ်၏ ထိခိုက်မှု၊ ကိုယ်၏ထိခိုက်မှုဒဏ်သည် ရုတ်တရက် ပြင်းထန်စွာ တက်ဆောင့် ပြီး၊ ခေတ္တမျှ မတ်တတ်သေသွားသည်ဟုပင် ထင်မိပါတော့သည်။ ဟယ်... ကိုယ်ကျိုးကြီးနည်းပါပေါ့ကလား...။ ကျွန်တော်သည် ထိုကြော်ငြာတွက် ရင်တွင်း၌ စက်သေနတ်ပစ်ကာ မျက်လုံးများ ပြာဝေလျက်ကပင် ထပ်ကာ ထပ်ကာ မှန်ဘီလူးနှင့်ကြည့်မိပါသည်။ သို့အထပ်ထပ်ကြည့်လည်း ကြော်ငြာ စာလုံးကလေးများသည် ပြောင်းရွေ့မသွားဘဲ ပြုံးဖြဲဖြဲကလေးပင် ကရော် တိုက်၍ မူလအတိုင်း ပေါ်နေလေပါသည်။ ထိုကြော်ငြာတွေ့ပြီး တစ်ထိုင် တည်းပင် မိန်းမတွေကို ကျွန်တော် တော်တော်ကြီးစိတ်နာသွားမိပါသည်။ မိန်းမတွေဟာ လှလေရက်စက်လေပဲလား...။ ကျွန်တော်သည် ထိုကြော်ငြာ တွေ့ပြီး အသည်းဟက်ဟက် ကွဲကာ တခြိမ်းပုံသွားခဲ့ရပြီတကား...။

ထိုကြော်ငြာအကြောင်းကို ပြောရမှာ ယခုတိုင် ရင်နင့်လှပါသည်။ မျက်ရည်စို့လှပါသည်။ ကျွန်တော့်ချစ်သူ ပုလိပ်ရင်သွေးလှလှသန်းကလေး သည် အကြောင်းမကြား ဘာမကြားနှင့် လူတစ်ဦးနှင့်စေ့စပ်လိုက်လေပြီ တကား...။

အချစ်ကလေးရယ်...ဘယ့်နှယ်လုပ်လိုက်ပါလိမ့်၊ ဘယ့်နှယ်ဖြစ်ကုန်

mgyoe.com

mgyoe.com


ပါလိမ့်ဟု ကျွန်တော် ငိုညည်းကာ ကမ္ဘာပျက်၍ ထိတ်လန့်တကြီးပြေးသော သားကောင်၏ခြေလှမ်းမျိုးဖြင့် သူကလေးစံရာ ရဲဌာနသို့ အပြင်းနှင်ရပါတော့သည်။ သူကလေးဆီ ပြေးသည်ဆိုသော်လည်း အမှန်သော် တိုက်ရိုက်သွားရဲသည်မဟုတ်ဘဲ သူကလေးထံ တစ်ဆင့်စာသဝဏ်ပါးရသော ရဲဆာဂျင်ကတော် အဒေါ်ကြီးထံသွားရခြင်းဖြစ်ပါသည်။ ကျွန်တော်လည်း အဒေါ်ကြီးကိုတွေ့လျှင် မောကြီးပန်းကြီးပင်...။

"ဘယ်နှယ့်ဖြစ်ကုန်တာလဲဗျ...၊ ဘယ့်နှယ်ဖြစ်ကုန်တာလဲဗျ..."

အဒေါ်ကြီးကမူ မထုံတေတေး ရွှေမြိုင် ဖော့ဖြူးလေးခဲ၍..."ဘာဖြစ်ရမှာလဲဟဲ့..."

"အောင်မယ်လေး..ဒုက္ခပါပဲ...၊ ဘာဖြစ်ရမှာလဲဗျ...၊ ဒီနေ့သတင်းစာမှာ ပါတာမတွေ့ဘူးလားဗျ...ခက်တော့တာပါပဲ..."ဟု ကျွန်တော်က အားမလိုအားမရနှင့် အဒေါ်ကြီးကို ကိုင်ဆောင့်မိမတတ်ဒေါသထွက်မိ၍ အော်ကြီးဟစ်ကြီး ပြောမိပါတော့သည်။ ဤတွင်မှာ အဒေါ်ကြီးလည်း မျက်လုံးကလေး တစ်ချက်မှိုု လှန်ကြည့်ပြီး...

"ဩော်...ဩော်...ဒါလား...ဒါဘာဖြစ်သလဲ၊ ကောင်မလေးအပြစ်မှ မဟုတ်ဘဲ...၊ ကောင်မလေးကို သူ့မိဘက အခုကောင်နဲ့ နားချနေတာ ကြာလှပြီ..၊ မင်းဟာ ရှုပ်ရှုပ်ယှက်ယှက်ဆိုတော့...ကောင်မလေးက စိတ်ပျက်ပြီး...နောက်ဆုံးသူ့မိဘဆန္ဒအတိုင်း ခေါင်းညိတ်လိုက်တာပေါ့၊ ဒါ ဘာဖြစ်လဲလို့..."

ကျွန်တော်လည်း ထိတ်လန့်တကြီးနှင့် ပြူနေသောမျက်လုံးသည် ပို၍ ပြူထွက်မိတော့ကာ...

"ဘာ...ဘာ...ဘာဗျ...၊ ကျုပ်က ဘာရှုပ်လို့လဲဗျ...၊ သင်း သစ္စာဖောက် ချင်ဖောက်ချင်တယ်ပေါ့...ကျုပ်က ဘာရှုပ်လို့လဲ...၊ ဒီကတော့...ဒီကတော့..."

"တော်စမ်းပါ မောင်ရင်ရယ်...တွေ့ကရာတွေ မပြောပါနဲ့...၊ ဒီကိစ္စ ကောင်မလေးအပြစ်မရှိဘူး...။ ငါသိတယ်...၊ မင်းကသာ ရှုပ်ရှုပ်ယှက်ယှက် လုပ်တာ..."

ကျွန်တော် ပြင်းထန်စွာ ဒေါသထွက်မိကာ...

mgyoe.com

"ကျွန်တော် ဘာရှုပ်လို့လဲဗျ..."

"ဘာ ရှုပ်ရမလဲ...မင်းကိုယ်မင်းပဲ သိမှာပေါ့..."

"အာ...သေချင်တာပါပဲဗျာ...ကျွန်တော် ဘာမှမလုပ်ရပါလား ခင်ဗျ...ဘုရားစူး၊ မြွေစိမ်းကိုက် ရေနစ်...အိုဗျာ... သေရစေရဲ့ဗျာ...ကျွန်တော် ဘာမှ မရှုပ်ရပါဘူး...၊ ဘယ်လိုဖြစ်ကုန်တာလဲဗျာ...သေချင်တော့တာပါ ပဲ..."

ကျွန်တော်လည်း ဘာမှမသိသော ကိစ္စအတွက် တတ်သမျှပညာ နှင့် အမျိုးမျိုး ကိုက်တွယ်ပြောရလေတော့သည်။ အကြံတူ ရန်သူ့လက်ချက် ဦးခဲ့ပြီထင်ရဲ့...။ အဒေါ်ကြီးလည်း ဤတွင်မှ မျက်လုံးကြီးပြူးကြည့်ပြီး...

"အဲဒါခက်တာပဲ...မင့်အရှုပ် မင်းဘာမှမသိဘူးဆိုတော့ ခက်တာပဲ... မင်း ကောင်မလေးကို ပထမ လက်ရေးတစ်မျိုးနဲ့ ရည်းစားစာတွေ ရေးတယ် မဟုတ်လား..."

"ဟုတ်တယ်...ဒါ ဘာဖြစ်လဲ..."

အဲဒါ ခက်တာပေါ့...မင်းကို ကောင်မလေးက ပြန်ကြိုက်ရော... မင်းက ဒုတိယလက်ရေးတစ်မျိုးနဲ့ ဒါမှ ကျွန်တော့်လက်ရေးအစစ်ပါ... အရင်လက်ရေးက သူများ ရေးခိုင်းရတာပါဆိုပြီး ရေးပြန်တယ်..."

"ဟုတ်တယ်...ဒါဘာရှုပ်လို့လဲ...ဟုတ်သားပဲ"

"အေး...အဲဒါခက်တာပေါ့...ဒီလိုမင်းကပထမ လက်ရေးအစစ်ဆိုတဲ့ အထိ ဘာမှမရှုပ်ပေမယ့်...ဟိုလက်ရေးတွေဟာ...တစ်ခုမှ မဟုတ်ဘူး... ဟောဒီ တတိယလက်ရေးမှ ကျွန်တော့်လက်ရေးအစစ်လို့ ဆိုပြန်တော့... ကောင်မလေးဟာ...ခေါင်းနောက်သွားပြီး ကျွန်မ ကြာရင် တံတားကလေး အရူးထောင်ရောက်တော့မှာပဲဆိုပြီးတော့...မင်းကိုစိတ်ဖြတ်...သူ့မိဘအလို ကျ ခေါင်းညိတ်လိုက်ရှာတာပဲ..."

အမယ်လေး...အောင်မယ်လေးဗျ...ကျွန်တော်လည်း စကြဝဠာတံ တိုင်းသို့ လွင့်စဉ်သွားသည်ဟုပင် ထင်မိပါတော့သည်။ ဟယ်...အကြံ မလျော့ရန်သူတော် အပိုင်ဆော်ခံရပြီကိုး။ ကျွန်တော်လည်း ထိုသတင်းကို ကြားလျှင် အထင်မှားခံရ၍ ဝမ်းနည်းခြင်း၊ ခြေထိုးခံရ၍ ဒေါသဖြစ်ခြင်းတို့ ရင် တွင်း၌ နပန်းချကာ မျက်ရည်များပင် တွေတွေ ကျမိပါတော့သည်။

mgyoe.com

mgyoe.com

သိပါပြီ၊ တစ်စုံတစ်ဦးသော မသမာကောင်သည် ကျွန်တော့်အား အလဲထိုးလိုက်လေပြီတကား...။ ရဲဆာဂျင်ကတော် အဒေါ်ကြီးမှာ သူကလေးက သူ့ဆီပေးသောစာများပို့ရန် စခန်းအဖြစ် လိပ်စာပေးထားရာ ကျွန်တော်သည် တစ်ခါတစ်ခါ ကိုယ်တိုင်ပို့၍ အခွင့်မသင့်သောအခါမှ စာတိုက်မှပင် အဒေါ်ကြီးထံ ပို့ခဲ့ရပါသည်။ ကျွန်တော့်မှာ လက်ရေးဒုက္ခကြောင့် ပထမ ဂျီမောင်စိန့်အကူအညီဖြင့် စာရေးနေခဲ့ရရာက စွံလာသောအခါ ကိုယ်ပိုင်ဒုက္ခိတလက်ရေးမူကိုပင် အသုံးပြုပြီး ပြောင်းလဲဆက်သွယ်ခဲ့သည်ကို စာရှုသော ဉာတကာရို့ သိပြီးမဟုတ်ပါလား။ ထိုနိမ့်ကွက်ကို အမည်မသိ ရန်သူတော်သည် ချက်ကိုင်ပြီး ပိုင်ပိုင်ကြီးအုပ်ထည့်လိုက်လေပြီတကား...။ ဒီလိုဆိုတော့လည်း သူကလေး အပြစ်မဆိုသာ ဖြစ်နေပြန်လေပါသည်။ ဟို လက်ရေး မောင့်လက်ရေးမဟုတ်ဘူး။ ဒီလက်ရေးမှ မောင့်လက်ရေးဖြစ်ပါတယ်လို့ ဆိုပြီးထားရာက ဟိုလက်ရေးရော...ဟိုလက်ရေးရော တစ်ခုမှ မဟုတ်ပြန်ဘူး။ ဟောဒီ တတိယလက်ရေးမှ မောင့်လက်ရေးပါဟု ဆိုပြန်သည်တွင် သူငယ်မခမျာ လက်ရေးမူအရှုပ်တွေကြောင့် ချက်ချင်းပွဲချင်းပြီး ရူးမသွားသည်ကိုပင် ကံကောင်းလှပေတော့သည်တကား။

ကျွန်တော်လည်း တစ်စုံတစ်ဦးသော မသမာကောင်၏ ယုတ်မာမှုကြောင့်၊ ဤသို့ဖြစ်ရသည်ကို အဒေါ်ကြီးမှတစ်ဆင့် သူကလေးထံ လျှောက်လဲ အသနားခံရပါတော့သည်။ သို့သော်...သူ့အဖြစ်မှာ ပြုပြင်၍ မရနိုင်တော့ပြီဆိုကာ လုံး၀ အဆက်အသွယ်ဖြတ်ကာ ရွှေမျက်နှာလွှဲလိုက်လေတော့ရာ ကျွန်တော့်မှာ ရင်ဆို့ပြီး အသည်းနာရောဂါသာ အဖတ်တင်ကျန်ရစ်ပါတော့သည်။ ကျွန်တော့်ဖြစ်ထွေမှာ ရှက်ဖွယ်လည်း ကောင်း၊ ဒေါသထွက်ဖွယ်လည်း ကောင်း၊ ဝမ်းနည်းဖွယ်လည်း ကောင်းကာ ကြိတ်မနိုင်ခဲမရဖြစ်ပြီး မသမာ ရန်သူယုတ်ကို နားရင်းအုပ်ရန်သာ အကြောင်းရှိတော့သည်တကား။ ထို့ကြောင့် ကျွန်တော်သည် ရန်သူကို အပြင်းဖိ၍ ရှာရပါတော့သည်။ ဒီကောင့် လက်ချက်ဖြစ်မှာပဲဟု ပထမဦးဆုံး ကျွန်တော်ထင်မြင်မိသူမှာ ဂျီမောင်စိန်ပင် ဖြစ်ပါသည်။ သူနှင့်ပေါင်း၍ လုပ်သမျှ အမြဲချောက်ကျရတတ်သော ဤဂျီမောင်စိန်ပင် ကျွန်တော့်အား ဤသူငယ်မကိစ္စ အကျပ်ကိုင်ခဲ့ဖူးရာ ဒီငနဲပဲ ဖြစ်ရမည်ဟု ကျွန်တော် တစ်ထစ်ချ ယိုးစွဲပြီး ဒီကောင်ကို တရကြမ်း

mgyoe.com

mgyoe.com

ရှာဖွေပါသည်။ တွေ့လျှင်တွေ့ချင်း ငနဲက စုံဆယ်ဖြာ ပန်ထွာ ဦးတင်ပြီး...

"အာ...သူငယ်ချင်းရာ မဟုတ်တာကွာ...ငါလုပ်ပါ့မလား...သူငယ်ချင်းချင်း ငါဒီလောက်ယုတ်မာပါ့မလားကွာ..."

"မယုတ်မာရင်သာရှိမယ်...မင်းပဲငါ့ကို အကျပ်ကိုင်ခဲ့တာ မဟုတ်ဘူးလားကွ..."

"ဒါတော့ သူငယ်ချင်းချင်းမို့...နောက်တီးနောက်တောက် လုပ်တာပဲကွ...ဒီအခြေမျိုးရောက်အောင် ချောက်တွန်းချင်ရင်...အစကတည်းက ကို...မင်းကိုလုပ်မပေးဘူး...တစ်ခုတော့ရှိတယ်...မင်း ဒီလိုဒီလို ဖြစ်နေတယ်ဆိုတာကို...ငါတော့ တို့သူငယ်ချင်း သတင်းထောက်တွေတော့ ပြောခဲ့မိဖူးသကွာ...၊ အဲဒီအပြစ်တော့ ငါကျူးလွန်မိတာ အမှန်ပဲ...။ ဒီထဲက တစ်ကောင်ကောင်က ဝင်ပြီး ချောက်ချချင်ချမှာပဲ"

ဤတွင် ကျောက်စားပွဲ မြသွင်က ဝင်ပြီး...

"ဟုတ်သားပဲကွ...တို့ဒီလောက်ချစ်ခင်တဲ့သူငယ်ချင်းချင်း...ခုလိုဆိုးအောင် လုပ်ရက်ပါ့မလားကွ...သတင်းထောက်ထဲက...တစ်ကောင်ကောင်ဝင်လုပ်မှာ သေချာပါတယ်...မင်းကလည်း လူရှောက်မြင်ကပ်စရာဂျစ်တစ်တစ်ဆိုတော့...သတင်းထောက်ထဲမှာ မင်းချစ်တဲ့ကောင်က အရှားသားပဲကွ...မင့်ဟာ မဟုတ်သေးပါဘူး..."

ဒီလိုဆိုပြန်တော့လည်း ဂျိုစိန်ကို ထိုးရန် ရှိသမျှဗလနှင့် ကျစ်ကျစ်ပါအောင် ဆုပ်ယူသွားသော ကျွန်တော်၏လက်သီးမှာ ပြေကျသွားရပြန်ပါသည်။ မြသွင်ပြောသလို ကျွန်တော်ကလည်း ညစ်ကျယ်ကျယ်မို့... သတင်းစာလောကတွင် လူချစ်လူခင်က အတော်ပေါသားဖြစ်ရာ အုပ်သာလျှင် ကျွန်တော့်ကို အုပ်ထည့်မည့်ကောင်ချည်း ဖြစ်နေလေပါသည်။ ဒီလိုဆိုပြန်တော့ တရားခံ ဘယ်ကောင်နည်း။ ဟိုကောင်လား၊ ဒီကောင်လားနှင့် လူတိုင်းကိုပင် တောင်တောင်အီအီထင်ကာ ဥစ္စာပျောက် ငရဲကြီးဆိုသလို ရည်းစားပျက်၍ သရဲစီးပြီး၊ ဂျစ်တစ်တစ် မျက်နှာနှင့် လူတကာကို သင်္ကာမကင်း ကြည့်မိလေ၊ ချစ်သူခင်သူ တိုးလေ ဖြစ်နေပါတော့သည်။ ထိုအချိန်မှာ ကျွန်တော့်အဖို့ အတော်ဇာတာ ညံ့နေပုံလည်းရပါသည်။ လူဆိုတာ ကံကြမ္မာဂြိုဟ်စီးတော့...ကိုယ့်...ကိုယ့်...၊ အဲ ကိုယ့်အမြီးတောင်မြွေထင်ဆို
mgyoe.com

mgyoe.com

သလို ဒုက္ခတွေဆင့်ကျတတ်မြဲ ဖြစ်သည်မဟုတ်ပါလား။ ရည်းစားပျက်လို့ စိတ်စက်မကောင်းရသည့်အထဲ၊ မြင်သူတကာ ရန်သူထင်မိ၍ ချစ်ခင်သူတွေ တစ်နေ့တခြားတိုးပြီး အခြေဆိုးသည့်ဘဝသို့ ဆိုက်နေလေပါသည်။ ထိုအခြေအနေမှ တဖြည်းဖြည်း ခေါင်းအေးအေးထားပြီး စဉ်းစားလာနိုင်သောအခါတွင် ကျွန်တော်သည် ကျွန်တော့်အား ချောက်ချသော တရားခံအစစ်ကို ရှာဖွေ တွေ့ရှိပါတော့သည်။ ၎င်းကား ကျွန်တော်၏ ဘဝတစ်လျှောက်လုံးတွင် အမျိုးမျိုး ဂြိုဟ်မွှေချောက်ချနေသော ကျွန်တော်၏လက်ရေးပင် ဖြစ်ပါတော့သည်။

ကျွန်တော်နှင့်ပုလိပ်ရင်သွေး လှလှသန်းလေးနှင့် ကွဲရချက် နာရခြင်းအကြောင်းကို စေ့စေ့တွေးသော် အစမကောင်းခဲ့သမို့ အနှောင်းမှာ မသေချာဆိုသလို ကိုယ့်ဘဝအကျိုးပေး ညံ့သဖြင့် သူမတူအောင် ထူးထူးခြားခြားတူးတူးခါးခါး ချာတူးလန်လှသော ကျွန်တော်၏ လက်ရေးသည်ပင် တရားခံအစစ်ဟု တွက်မိပါတော့သည်။

ဒီလက်ရေး...ဒီလက်ရေး ဆိုးရွားမှုကြီးသည် ကျွန်တော့်အား ချစ်ရေးမှာလည်း ခိုးလိုးခုလု၊ ဝမ်းရေးမှာလည်း ကသိကအောက်နှင့် အမှောင့်ပယောဂကြီးတစ်ခုလို ဖြစ်နေတော့သည်တကား။ ထိုဒုက္ခဒဏ်သည် ကျွန်တော့်အား အစဉ်အမြဲပင် ဖိစီးနှိပ်စက်နှောင့်ယှက်နေတော့သည်တကား။ ကျွန်တော့်ဘဝဇာတ်လမ်း၌ လူကြမ်းအဖြစ် အမြဲကသိကအောက် လိုက်လုပ်နေသော ဤလက်ရေး ဒုက္ခသည်ပင် ကျွန်တော်၏အသည်းကို ဟက်တက်ခွဲ၍ ဖွဲ့ပစ်ခဲ့သည်တကား။ ထို့ကြောင့် ဤဝတ္ထုရှေ့ပိုင်းတွင် ကျွန်တော့်ကို အချစ်ဒုက္ခဘဝသို့ ပို့လိုက်သော တရားခံကို ဖော်ရန်ခက်ဘိသည်ဟုဆိုခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤဝတ္ထုရှေ့ပိုင်းတွင်ပင် ကျွန်တော်သည် ဟာသကလောင်ရှင်တစ်ဦးမို့ အတော်ပျော်တတ်သူ (ဝါ) အတော်ပျော်ရွှင်နေမည့်သူဟု မထင်ကြပါနဲ့။ ထင်သာထင် မဝင်ဘူး၊ ကျောင်းအစ်မ ဖြစ်နေပါတယ်ခင်ဗျာဟု ဆိုခဲ့ခြင်းဖြစ်ပါတော့သည်။ အဆွေတို့ ကျွန်တော် ပြောချင်လျက်နဲ့ မပြောနိုင်ဖြစ်နေသည်ကို ယုံကြပါပြီလား။ စေ့စေ့တွေးလေ ဒေါသ ထွက်စရာကောင်းလေဖြစ်သော ဤချာတူးလန်လက်ရေးပြဿနာကြီးသည် ကျွန်တော်၏ဘဝတစ်လျှောက်လုံးတွင်

mgyoe.com

mgyoe.com

ဗီလိန်အဖြစ် အမြဲနှောင့်ယှက် ဒုက္ခပေးလာခဲ့ရာတွင်...

"နို့...ဒီလက်ရေးဒုက္ခဟာ..ဘယ်ကမြစ်ဖျားခံလာသလဲကွာ.."ဟု မေးလာခဲ့ပါသော်"သြော်...ဒါတော့ ကျွန်တော့် ကိုယ်ကပဲ မြစ်ဖျားခံခဲ့တဲ့ဟာပါပဲခင်ဗျာ..."ဟုပင် ခပ်ရှက်ရှက်နဲ့ပဲ ဝန်ခံရမည်ဖြစ်ပါသည်။ မှန်ပါသည်။ ဗီလိန်အဖြစ် အမြဲ ချောက်ချနေသော ဤလက်ရေးသည် အဘယ်သူကမျှ လာပေးသော ဒုက္ခမဟုတ်၊ ကိုယ်ကပင် ကိုယ့်ကိုယ်ကိုယ် ပြန်၍ ဒုက္ခဖန်နေသော ဘယ်သူမပြု မိမိမှုကြီးပဲဖြစ်ကြောင်း ဝန်ခံရပါမည်။ ဒီလိုဆိုပြန်တော့ ကျွန်တော်၏ ဘဝဇာတ်လမ်း၌ ခွကျလိုက်ပုံက ကျွန်တော်ပဲ ဇာတ်လိုက်ဖြစ်ပြီး ကျွန်တော်ပဲ လူကြမ်း ဗီလိန် ပြန်ဖြစ်နေသော အူချာချာ ကြုံဖူးပေါင်တော် ဇာတ်ကြီးအဖြစ် ရောက်နေတော့သည်တကား၊ ဒုက္ခပါဗျာ ..."

ကံကြမ္မာဘဝဆိုးလှတဲ့ ကျွန်တော်မောင်သာကဒိုးအား အချို့သော ပုဂ္ဂိုလ်တို့ အထင်တော်ကြီးကြသည်ကို တွေ့ရသောအခါ ကျွန်တော်သည် ဟက်ဟက်ပက်ပက် ကြိတ်၍ရယ်မောမိလေပါသည်။ ဒီကောင် တယ်မခေဘူး။ စာတတ်ပေတတ်ကလေးနဲ့တူရဲ့ဟု ထောမနာသံများကို နားနှင့် ဆတ်ဆတ်ကြားဖူးရာ ကျွန်တော်ရှက်များပင် ရှက်မိပါတော့သည်။ ဘယ့်ကြောင့်ဆိုသော် မခေဘူးသာ ဆိုကြတယ်။ ဒီကောင် ဘယ်လောက်ညံ့သည်ကို ဒီကောင်နဲ့ ဒီကောင့် ကိုယ်စောင့်နတ်ပဲ သိ၍ပင် ဖြစ်ပါသည်။ ကျွန်တော်၏ ပညာအရည်အချင်းကို ဟုတ်မှန်ရာအစီရင်ခံရမှာ ကျွန်တော် အင်မတန်ရှက်လှပါသည်။ ကျွန်တော်၏ အခြေခံပညာ အခြေအနေကို ကျွန်တော် မပြောရဲပါ။ နောင်လည်း ဘယ်တော့မှ မပြောရအောင် ရှောင်ကြဉ်မည်ဖြစ်ပါသည်။ ပညာရဲရင့်မှ ပွဲလယ်တင့်ဆိုသလို ပညာမရဲရင့်နိုင်သော ကျွန်တော်သည် အဘယ်မှာလျှင် ပွဲလယ်တွင် တဝင့်ဝင့် တင့်အောင် ဟုတ်သမျှ လုစ်ဟာရဲပါမည်နည်း။

သို့ကလို မှန်ရာကို မဆိုရဲအောင်ပင် ကျွန်တော်သည် ပညာဘက်၌ နိမ့်ကျ ညံ့ဖျင်းခဲ့ပါသည်။ ဒါကိုလည်း ကျွန်တော်သည်၊ကံကိုပဲ လွှဲချရလေမလား။မသိ၊ ကျွန်တော်၏မိဘဆွေမျိုးတို့သည် စွမ်းနိုင်သမျှ ငါ့တူ၊ ငါ့သားပညာရစေတော့ဟု ထောက်ပံ့အားပေး ထိန်းသိမ်းကွပ်ကဲ၍ ပညာယူစေခဲ့ပါလျက်နှင့် ကျွန်တော်ကား ပညာညံ့ခဲ့ဖြစ်ရာ တွေးမိတိုင်း အသည်းနာ

mgyoe.com

mgyoe.com

စရာကြီး ဖြစ်နေရပါသည်။ ကျွန်တော်ကလည်း သင်ဖော်သင်ဘက် သက်တူရွယ်တူများကို အားကျမခံ စွမ်းအားရှိသမျှ ကြိုးစားခဲ့ရိုးလည်း အမှန်ပင် ဖြစ်ပါသည်။ သို့စဉ်လျက် ဘယ့်ကြောင့်ပညာအရာ၌ နိမ့်ကျရဘိသနည်း။ အကြောင်းကားရှိပါသည်။ ထိုအကြောင်းမှာ ကျွန်တော် အထက်အထက်က လက်ညှိုးထိုး၍ထိုး၍ ချောက်ကောင်အဖြစ် ညွှန်ပြခဲ့သော ချာတူးလန် လက်ရေးဒုက္ခပင် ဖြစ်ပါတော့သည်။ လက်ရေးညံ့တာနဲ့ မင်းပညာညံ့ရတယ် ဆိုတာ သိပ်တော့ ဆိုင်ပေါင်ကွာ..ဟု အချို့သောပုဂ္ဂိုလ်တို့က ဆိုချင်ဆိုမည် ထင်ပါသည်။ ဆိုင်ပါသည်ခင်ဗျား၊ ဆိုင်ပါသည်။ ကျောင်း၌ အစမ်းစာမေးပွဲများ၌လည်းကောင်း၊ စာမေးပွဲကြီးများ၌လည်းကောင်း၊ ကျွန်တော်ဖြေလိုက်သော အဖြေလွှာများကို ဖတ်ရှုရသော စာစစ်ပုဂ္ဂိုလ်များသည် စစ်ရင်း စစ်ရင်း သည်းမခံနိုင်ဖြစ်ကြလေသလားမသိ။ ကျွန်တော်ဖြေတိုင်း ဖြေတိုင်း အများအားဖြင့် 'ဘဲဥ' ဆုသာ နှင်းကြပါတော့သတည်း။

ထို့ကြောင့် ကျွန်တော့်မှာ တစ်တန်းမှ တစ်တန်းသို့ တက်ရန် နှစ်လများစွာ ကုန်ဆုံးမှ အောင်ရပြီး၊ ပညာအရာတွင် မပြောရဲအောင် ညံ့ခဲ့ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်ခံစားနေသော လက်ရေးဒုက္ခဆိုးကြီးမှာ ယခုတွေ့ကြုံရသော ဒုက္ခမဟုတ်၊ ဟို...ငယ်စဉ် တောင်ကျေး အကလေးဘဝတည်းက တစိမ့်စိမ့်ကြိတ်၍ မိုတ်ခံလာခဲ့ရသော ဒုက္ခပြဿနာကြီးပင် ဖြစ်ပါတော့သည်။ လက်ရေးညံ့မည်သာညံ့ရသည်။ ကျွန်တော် ဝါသနာထုံပြီး လက်ရှိ အသက်မွေးဝမ်းကျောင်း ပြုနေသော အလုပ်မှာ စာပေအလုပ်၊ သတင်းစာအလုပ် ဖြစ်နေလေရာ ကျွန်တော်၏ ဘဝဖန်လာပုံမှာ ဒေါသထွက်စရာလည်းကောင်း၊ ကြေကွဲဝမ်းနည်းစရာလည်းကောင်းနေပါတော့သည်။ ကျွန်တော် ပထမဝါသနာအလျောက် ဂျာနယ်ကျော်တွင် ဆောင်းပါးတို ဝတ္ထုတိုကလေးများ ရေးသားစဉ်က ရေးသားပြီးသမျှ ကျွန်တော်၏ ညီဝမ်းကွဲကလေးအား နှုတ်ဖြင့်ကြောင်းကာ ပြန်လည်ရေးခိုင်းပြီး ပေးပို့၍ ထိုလက်ရေးပြဿနာသည် မကြုံခဲ့ရပါ။ ထို့နောက် ရှုမဝပေါ်လာပြီး ကျွန်တော်ဝတ္ထုတိုများ ရေးလာရာတွင် လက်ရေးဒုက္ခ ပြဿနာသည် ကြီးစွာ ဒုက္ခပေးလာပါတော့သည်။ ထိုစဉ်က ရှုမဝတွင် လူစွာလုပ်နေသော ငွေဥဒေါင်းက...

mgyoe.com

"ကိုယ့်လူဝတ္ထုတွေဟာ အရေးအသားမညံ့ဘူး။ ဇာမာပြည်မှာ ဟာသ ရေးတဲ့လူနည်းတော့...ကိုယ့်လူ အများကြီးဟန်ကျစရာရှိတယ်...။ ကြိုးစား ပါ..." ဟု အားပေးစကား မိန့်ကြားတော်မူရာ ကျွန်တော်လည်း အားရဝမ်းသာ...

"ဒီလိုဆို ကြိုးစားပေါ့ဗျာ...ဘယ်နေလိမ့်မလဲ...ဒါဖြင့် ကျွန်တော်ပေး ထားတဲ့ ဝတ္ထုနှစ်ပုဒ်ကြိုက်တယ်ပေါ့...မဂ္ဂဇင်းမှာပါမယ်ပေါ့..."

ဤတွင် ငွေဥဒေါင်းလည်းသူ့ထုံးစံအတိုင်း မျက်ခုံးတစ်ချက် နှစ်ချက် ချီ၊ ဟန်ပါပါ ဆေးပြင်းလိပ်ကို တစ်ဖွာ၊ နှစ်ဖွာ ဖွာတဲ့၍ လေးနက်စွာ စဉ်းစားတွေးတောနေဟန်ဖြင့် ခေတ္တမျှ နေလိုက်ပြီး...

"အိမ်း...အဲဒါပြောရတော်တော်ကျပ်တယ်...မောင်ရင့် ဝတ္ထုနှစ်ပုဒ်လုံး အရေးအသားလည်းကောင်းတယ်...၊ ကြိုက်လည်းကြိုက်တယ်...မဂ္ဂဇင်းထဲ ထည့်ဖို့လည်း ဆုံးဖြတ်ထားတယ်...ဒါပေမဲ့..."

ကျွန်တော်လည်း ဂစ်ခနဲ တံတွေးမျိုချမိပြီး...

"ဟုတ်ကဲ့...ဟုတ်ကဲ့..."

"ပယ်တယ်..."

"ခင်ဗျာ..."

"မခင်ဗျာနဲ့ဗျ...၊ မောင်ရင့်လက်ရေးက...ရှာမှရှားအောင် ဆိုးဝါးလှလို့ ဗျ...၊ ဝတ္ထုကြိုက်ပေတဲ့ ကိုယ့်လူဝတ္ထုကို စီနိုင်တဲ့ စာစီသမား ရှမဝမှာ မရှိသေးလို့...ပယ်ရတာပါခင်ဗျ..."

ကျွန်တော်လည်း ကိုယ့်ပေါင် ကိုယ်ထောင်း၍ပင် သေလိုက်ချင်ပါ တော့သည်။ ဦးကျော်ကလည်း သူ့ထုံးစံအတိုင်း လေအေးကလေးနှင့်...

"ဟုတ်တယ်ဗျာ...ဒီအတိုင်းဖြစ်နေတယ်...ဝတ္ထုကို သဘောကျပြီး သားပဲဗျာ...ခင်ဗျားလက်ရေးက ဆိုးလွန်းတော့...ရှမဝမှာ ခင်ဗျာ့လက်ရေး စီနိုင်မယ့် စာစီသမားသတ်သတ် ရှာမထားနိုင်တော့...ခက်နေတာပေါ့ဗျာ..."

ကျွန်တော်လည်း ဟစ်၍သာ ထိုင်ငိုချင်ပါတော့သည်။ ကျွန်တော်၏ တက်သစ်စ ကလောင်စကို ကျွန်တော်၏ လက်ရေးကပင် ဦးချိုး ဖျက်ဆီး နေတော့သည်တကား။ ကျွန်တော်ကပင်...

"ဒါဖြင့်ဗျာ...ဘယ်လို လုပ်ရမှာလဲဗျာ..."

ဦးကျော်လည်း ခေါင်းကို တစ်ဂျစ်၊ နှစ်ဂျစ် ကုပ်၍...

mgyoe.com

"ဖြစ်နိုင်တဲ့ လမ်းကတော့...ခင်ဗျားဝတ္ထုကို တစ်ယောက်ယောက် ကူးခိုင်း...။ ဒါမှမဟုတ်ရင် လက်နှိပ်စက်လေး ဘာလေးနဲ့ ရိုက်ပြီးပေးပါဗျာ...ခင်ဗျားလက်ရေးကို စာစီသမားတွေတော့ မပြောနဲ့ ကျုပ်တို့ဖတ်တာတောင်...ချွေးဒီးဒီးကျတယ်ဗျာ..."

ကျွန်တော်လည်း ကော်ပီများကို ပြန်ယူကာ ခွေယိုင်ဖေမှိုင်၍ ပြန်ခဲ့ရပါတော့သည်။ ကျွန်တော်လည်း ကျွန်တော့်ဝတ္ထုများကို ဒုက္ခခံကာ ရေးကူးပေးမည့်သူ၊ သို့မဟုတ် စွန့်စား၍ လက်နှိပ်စက်ရိုက်ပေးမည့် လူစွမ်းကောင်းများကို ရှာဖွေရပါတော့သည်။ ဤတွင် ကျွန်တော်၏ ဝတ္ထုများမှာ လူ့ပြည်ချုလျှင်မီးလောင်၊ သမုဒ္ဒရာချုလျှင် ရေခန်းတတ်သည်ဆိုသော ဇြဟ္မာကြီးဦးခေါင်းလို ဖြစ်နေပါတော့သည်။ ဘယ့်ကြောင့်ဆိုသော် ကူညီရန် မေတ္တာရပ်ခံရသူတိုင်း "သိပ်စိတ်ညစ်တာပဲဗျာ...ဖတ်မရဘူးဗျာ..."ဟုဆိုကာ ဝမ်းနည်းစွာ ပြန်ပြန်ပို့သည်ကို ခံယူရ၍ပင် ဖြစ်ပါတော့သည်။ ထိုအချိန်က ကျွန်တော်၏ စိတ်ထိခိုက်မှုကို အတိုင်းအဆဖြင့် မဖော်ပြနိုင်အောင်ပင် ရှိပါတော့သည်။ သို့သော် ကံကောင်းလေးတစ်ခု ထောက်မလာခဲ့သည်မှာ ပရိုးမီးယားဆံသဆိုင်မှ မန္တလေးကိုကျော်ခင်ကြီးက ကျွန်တော့်ဖြစ်ထွေကို သနားပြီး သူ့အသက်ကိုပဓာနမထားဘဲ စာမူများ သူ့လက်ရေးဖြင့် ကူးပေးခြင်းပင် ဖြစ်ပါတော့သည်။ ထို့ပြင် အမျိုးသမီးသူရဲကောင်း နှစ်ဦးကိုလည်း ရှာဖွေတွေ့ရှိလာပါတော့သည်။ ၎င်းတို့မှာ ပါလီမန်လွှတ်တော်မှ ထိပ်တင်စုနှင့် ကောက်ပဲသီးနှံရုံးမှ မရှုခင်ခေါ် မခင်ဦးတို့ဖြစ်ပြီး တစ်ခါ၊ နှစ်ခါ ကျွန်တော်က ကြောင်းပေးကာမျှနှင့် သူတို့လည်း ကျွန်တော့် လက်ရေးကို ဖတ်နိုင်လာကြကာ ကျွန်တော့်ဝတ္ထုများကို သူတို့လည်း အသက်ဆံဖျားစွန့်စား၍ လက်နှိပ်စက်ရိုက်ပေးကြပါသည်။

ဤတွင် လက်ရေးဒုက္ခမှာ အတော်အသင့် အေးသွားသည်ဟု ဆိုတော့ဆိုနိုင်ပါသည်။ သို့သော် ကျွန်တော့်မှာ စဉ်းစားရပြန်ပါတော့သည်။ ကျွန်တော့်လက်ရေးဒုက္ခဆိုးကို ထိုပုဂ္ဂိုလ်များ ကူညီကြရာ၌ ဤသို့ အမြဲတမ်း တစ်သက်လုံး ကူညီနေနိုင်ကြပါမည်လော ဟူသောအချက်ပင် ဖြစ်ပါသည်။ ဘယ်မှာလျှင် တစ်သက်လုံး လုပ်ပေးနိုင်ကြပါမည်နည်း။ လုပ်မပေးနိုင်သော် ဘယ်သို့ပြုရအံ့နည်း။ ထိုကိစ္စကြီးမှာ အေးမယောင်ဖြင့် ပူလာပြန်

mgyoe.com

ကာ ခေါင်းခြောက်အောင် စဉ်းစားရပြန်ပါတော့သည်။ သတင်းစာနယ်မှ ဆရာကြီး ပီမိုးနင်း၊ မြန်မာ့အလင်း ဦးထွန်းရှိန်(ယခုစစ်ရုံး)စသည်တို့လည်း ဖတ်ရသူ ကျန်းမာရေးကို ထိခိုက်လောက် အောင် လက်ရေးဆိုးကြသည်ဟု ကြားဖူးပါသည်။ ထိုပုဂ္ဂိုလ်တို့၏ လက်ရေးများကို ဘယ်သို့စီခဲ့ကြသည် နည်းဟု လိုက်၍ သုတေသနလုပ်ရာတွင် ထိုပုဂ္ဂိုလ်များ လက်ရေးကို စာစီ ဆရာတို့ စီနေကျလာသောအခါ အမှားမပါအောင် စီနိုင်လာကြသည်ဟု သိပါတော့သည်။

ဤတွင် သာကဒိုးလည်း ကိုယ့်လက်ရေးကို စီနေကျပြီး မျက်မှန်း တန်းမိလာအောင် တဖြည်းဖြည်း ဆွယ်ယူမည်ဟု အကြံပေါက်မိလာပါ သည်။ ဤသို့လက်ရေးကို မျက်မှန်းတန်းမိအောင် ကိုယ့်လက်ရေးမူကိုပင် ဒုတိယ အကြိမ် အချောကူး၍ပေးမှ ဖြစ်နိုင်မည်ဖြစ်ပါသည်။ စာရေးဆရာများ သည် စာရေးသောအခါ လက်ရေးလက်သားကို ဂရုစိုက်မနေနိုင်ဘဲ စိတ်ပါလျှင် ပါသလို တရကြမ်းရေးချကြမြဲ ဖြစ်ပါသည်။ သာကဒိုးလည်း ဤသို့ရေး၍ပင် ဒုက္ခတွေ့နေခြင်းဖြစ်ရာ ကိုယ်တရကြမ်း ရေးထားပြီးသော ဝတ္ထုမူကို ကိုယ့်လက်ရေးဖြင့်ပင် အချောပြန်ကူးပေးပြီး စာစီဆရာများ လက်ရေး မျက်မှန်းတန်းမိအောင် ဆွယ်ယူရပါတော့သည်။ ထိုနည်းသည် နည်းနည်းတော့ နိပ်တိပ်တိပ်ရှိပြီး စာစီဆရာတို့လက်ခံသင့်သလောက် လက်ခံလာ ကြသည်ကို တွေ့ရသဖြင့် ဝမ်းသာလာရပြန်ပါသည်။ သို့သော် စာရေးဆရာ ချင်းအတူတူ ကိုယ်က ဘဝဆိုးကာ လက်ရေးနှစ်ဆင့်ကူးပြီး ပေးနေရသည် မှာ ရင်တော့အောင့်လှသဗျာ...။

ထို့အတွင်း 'ကြေးမုံ'မဂ္ဂဇင်း ပေါ်လာခဲ့ပါသည်။ ကြေးမုံမဂ္ဂဇင်းမှ ကျွန်တော်၏ဝတ္ထုများကို လစဉ်အလိုရှိသည်ဆိုရာ ကျွန်တော်ကြိုးပမ်းရေး ပေးခဲ့ပါသည်။ ကြေးမုံမဂ္ဂဇင်းတိုက်မှာ သာကဒိုးလုပ်ကိုင် မှီခိုနေသော အိုးဝေတိုက် အနီး၌ ကပ်၍ တည်ရှိရာ ကိုယ့်ဝတ္ထုကိုတတ်နိုင်သမျှ အမှား နည်းအောင် ကိုယ်တိုင်ပင် စာပြင်ပြင်ပေးပါသည်။ ထိုသို့ပြင်ပေးရာ၌ တစ်နေ့ စာပြင်၍နေစဉ် နံရံခြားသော စာစီခန်းအတွင်းမှ...

"ခက်တယ်ကွာ...ဒီသာကဒိုးဆိုတဲ့ ငနဲဟာ...လူကြည့်တော့ သန့်သန့် စွမ်းစွမ်းပါပဲ...လက်ရေးကျတော့ ဘယ့်နှယ်များ ဒုက္ခိတလက်ရေးဖြစ်နေရ

mgyoe.com

mgyoe.com

သလဲမသိဘူး…"

"အေးကွာ…တို့မှာ မရှိလို့စာစီစာနေရတဲ့ဥစ္စာ၊ ဒီကောင့် လက်ရေးသာ လစဉ်စီနေရရင် တို့တော့ အသက်တိုကုန်လိမ့်မယ် ထင်တယ်…"

ထိုအသံများကို ကြားရပြီး ကျွန်တော်လည်း ပြင်းစွာ တုန်လှုပ်ကာ ကတုန်ကယင်ကြီးဖြစ်သွားမိပါတော့သည်။ သူတို့သည် ကျွန်တော့်လက်ရေးအတွက် ဘယ်မျှ စိတ်ဒုက္ခရောက်နေကြသည်ကို နားနှင့်ဆတ်ဆတ်ကြားမှပင် သိရပါတော့သည်။ စာစီဆရာများသည် ကျွန်တော်မရှိဘူး ထင်၍ အတင်းပြောနေသလော၊ သို့မဟုတ် သိလျက်ကပင် ရောက်မြင်ကပ်၍ တမင်ပြောသလော ဟူသည်ကို ကျွန်တော် ယနေ့တိုင် မသိရသေးပါ။ ထိုစဉ်က ကြေးမုံမဂ္ဂဇင်းစာစီဆရာများသည် ဘယ်မျှ ကျွန်တော့်လက်ရေးကို ကြောက်လန့်ကြသနည်းဟူမူ ကျွန်တော့်လက်ရေးစီရန် တာဝန်ကျသူများသည် ကျွန်တော် ဖျားလို့ပါဟူ၍လည်းကောင်း၊ အမေနေမကောင်းလို့ပါဟူ၍လည်းကောင်း၊ အကြောင်းတွေ အမျိုးမျိုးပြပြီး ခွင့်ယူကာ လစ်တတ်ကြလေရာကြာသော် ကြေးမုံ အယ်ဒီတာအဖွဲ့ဝင်များ ခေါင်းခြောက်ရသည့်အဖြစ် ရောက်ကုန်လေပါသည်။ ကျွန်တော့် လက်ရေး ဒုက္ခမှာ ထိုမျှပင် ပြောမယုံ ကြုံဖူးမှသိမည်ဆိုတာမျိုး ဖြစ်နေပြီး ဘယ်လိုမှ အဖတ်ဆယ်မရနိုင်ရသည့်အခြေ ဆိုက်နေတော့ရာ ကျွန်တော့်မှာလည်း ကိုယ်ရှေ့ရေးအတွက် တွေးမိတိုင်း ရင်လေးနေရပါတော့သည်။ ထိုစဉ်က ပုံနှိပ်တိုက်မှ စာစီဆရာတို့ ဘယ်ကြောင့် ခဏခဏ ဖျားကြသည်ကို အယ်ဒီတာအဖွဲ့ဝင် တက္ကသိုလ်နေဝင်းတို့၊ သန်းဆွေတို့ မတွေးတတ်ဖြစ်နေခဲ့လေရာ ခုတော့ဖြင့် အကြောင်းအစစ်ကို သိကြရောပေါ့ခင်ဗျာ…။

ထိုစဉ်အတွင်း အိုးဝေတိုက်သို့ ရောင်းရင်းဘက် ကလောင်ရဲဘော်ကြီးသာခုသည် တစ်နေ့၌ ပေါက်လာကာ "ဟေ့…သာကဒိုး…ငါ(သစ္စာ)ဆိုပြီး မဂ္ဂဇင်း ထုတ်မလို့…ဝတ္ထုရေးပေးကွာ…"ဟု ဆို၍လာရာ ကိုယ့်အကြောင်း ကိုယ်သာ သိသော သာကဒိုးမှာ သာခု၏ရှေ့ရေးကိုတွေး၍ ရင်လေးသွားမိပါသည်။ သာကဒိုးသည် ဝတ္ထုရေးပေးရန် ဝန်မလေးပါ။ သို့သော်… ပြောမယုံ ကြုံဖူးမှသိမည့် ကျွန်တော့်ဒုက္ခကို သာခုအား ဝေခွဲ၍မခံစေချင်ပါ။ ဒါပေသိ သာခုသည် ပြောရမည့် လူစားမျိုး မဟုတ်သဖြင့် ကျွန်တော်လည်း

mgyoe.com